# ယနေ့ မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၅၂)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ ၂၁-၁၁-၂၀၂၄၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ရငွေတိုးမြင့်အောင်ဆောင်ရွက်နိုင်သည့် ဝန်ကြီးဌာနများကလည်း နောင်ဘဏ္ဍာရေးနှစ်များတွင် ယခုထက်ဝင်ငွေပိုမိုရရှိအောင် ကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ★

**ယနေ့ ဖတ်စရာအညွှန်း**


ဂိုးသမား ကယ်လ်လီဟာအား ခေါ်ယူရန် ချဲလ်ဆီးအသင်း စီစဉ် — စာမျက်နှာ ၁၁

ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)တည်ဆောက်မှု ၇၀ ရာခိုင်နှုန်း ပြီးစီး — စာမျက်နှာ ၁၇


## တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဇလ

**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ ကြာသပတေးနေ့။**

## အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိ

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများကို ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းတွင် ကျင်းပမည်ဖြစ်သည်။ အခမ်းအနားများတွင် အသုံးပြုမည့် Lighting System၊ LED၊ အသံစနစ်နှင့် လျှပ်စစ်မီးများ တပ်ဆင်ခြင်း၊ စင်မြင့်တည်ဆောက်နေမှုလုပ်ငန်း၊ အားကစားကွင်းအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလံများ၊ ဝန်ကြီးဌာနအလိုက် အလံများချိတ်ဆွဲထားရှိခြင်း၊ ဖျော်ဖြေရေးအဖွဲ့များနှင့် အားကစားသမားများ အခင်းအကျင်း၊ အထွက်ပြုလုပ်မည့်နေရာ လျာထားဆောင်ရွက်နေခြင်းနှင့် ကဏ္ဍအလိုက် ဖျော်ဖြေရေး အစီအစဉ်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အလွတ်ခုန်(Free Fall) လေထီးစစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော် အလံတို့ကို ကွင်းအတွင်းသို့ လေထီးခုန်၍ သယ်ဆောင်လေ့ကျင့်ခြင်း၊ ပွဲတော်အထိမ်းအမှတ် မီးရှူးတိုင်လက်ဆင့်ကမ်း သယ်ယူရေး အစီအစဉ်လေ့ကျင့်ခြင်းနှင့် မီးရှူးတိုင်ထွန်းညှိမည့်နေရာ ပြင်ဆင်ခြင်းနှင့် ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားအားကစားပွဲတော်ကြီး ကျင်းပရန် ရက်အနည်းငယ်သာ ကျန်ရှိတော့သဖြင့် ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခမ်းအနားအတွက် လိုအပ်သည့် စက်ကိရိယာပိုင်းဆိုင်ရာများကိုလည်း အချိန်မီတပ်ဆင်ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးကိုလည်း အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခက်အခဲများရှိပါကလည်း သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် တက်ကြွစွာအားလုံး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းတွင် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ ကျင်းပရန်အတွက် ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အမျိုးသားအားကစားပွဲတော်များကို ပထမအကြိမ်အဖြစ် ၁၉၉၂ ခုနှစ်တွင် ရန်ကုန်မြို့၌ အားကစားနည်း ၂၂ မျိုးဖြင့် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၁၉၉၄ ခုနှစ်တွင် ရန်ကုန်မြို့၌ အားကစားနည်း ၂၄ မျိုးဖြင့် လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၁၉၉၇ ခုနှစ်တွင် ရန်ကုန်မြို့၌ အားကစားနည်း ၂၉ မျိုးဖြင့် လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၂၀၁၅ ခုနှစ်တွင် နေပြည်တော်၌ အားကစားနည်း ၂၇ မျိုးတို့ဖြင့် ကျင်းပခဲ့သည်။ ယခုပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အားကစားနည်း ၂၃ မျိုး၊ ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်မျိုးနှင့် မသန်စွမ်းအားကစားနည်း လေးမျိုးတို့ဖြင့် အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်ရာ အားကစားသမား စုစုပေါင်း ၆၅၀၀ ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ဝန်ထမ်းများအား (၁၄)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်



**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၄)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမဆောင်တွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၄)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ မုန်ညှင်း ၂၀၀ စည်း၊ ခရမ်းသီး ၂၀၀ ထုပ်၊ မှို ၂၀၀ ထုပ်၊ ငှက်ပျောသီး ၂၁ ဖီးတို့ကို သန့်ရှင်းရေးဌာနမှ ဝန်ထမ်း ၂၆ ဦး၊ လမ်းတံတားဌာနမှ ဝန်ထမ်း ၁၂၀ ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဝန်ထမ်း ၈၈ ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ ဝန်ထမ်း ၄၅ ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဒေါ်အေးယုကျော်နှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေ ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၃)

## မန္တလေးမြို့ရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုလေ့လာ



**မန္တလေး နိုဝင်ဘာ ၂၀**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)အောက်ရှိ မန္တလေးမြို့ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ ယနေ့ နံနက်ပိုင်းက Little Champs International Pre-school မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ ကြီးကြပ်သူများအပါအဝင် စုစုပေါင်း ၈၀ ဦးတို့ ကြည့်ရှုလေ့လာခဲ့ကြသည်။ (အပေါ်ပုံ)

အဆိုပါ ကျောင်းမှ လေ့လာရေးအနေဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ စုစုပေါင်း ၂၀၀ ဦးကျော်တို့သည် နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ အုပ်စုသုံးစုခွဲကာ ပြတိုက်သို့ လာရောက်ကြည့်ရှုလေ့လာမည်ဖြစ်သည်ဟု ယင်းဌာန တာဝန်ရှိသူက ပြောသည်။

"ပြတိုက်မှာ သမိုင်းအစဉ်အလိုက် ပြခန်းနဲ့ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ သမိုင်းတင်ခေတ်နဲ့ ရတနာပုံခေတ်ဆိုပြီး ခေတ်အလိုက် ပြသထားပါတယ်။ ရတနာပုံခေတ်ပြခန်းမှာဆိုရင် မင်းညီမင်းသားတော်ဝင်မိသားစုတွေရဲ့ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတွေ ပြသထားသလို မန္တလေးဒေသတစ်ဝိုက်မှာ တူးဖော်တွေ့ရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ပြသထားပါတယ်။ ခုလို လာရောက်လေ့လာခြင်းအားဖြင့် မြန်မာ့သမိုင်းနဲ့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေကို သိရှိပြီး တန်ဖိုးထားထိန်းသိမ်းတတ်လာမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ယဉ်ကျေးမှုပြတိုက်အတွင်း၌ သမိုင်းအကြိုခေတ်၊ သမိုင်းတင်ခေတ်နှင့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့ကို ခေတ်အလိုက် အစဉ်အတိုင်း ပြသထားရှိပြီး ပထမထပ်တွင် ရတနာပုံခေတ်နှင့် ပတ်သက်သည့် တော်ဝင်မိသားစုများ၏ ဝတ်စားဆင်ယင်မှုများနှင့် အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း၊ ဒုတိယထပ်တွင် ဗုဒ္ဓဆင်းတုတော်များပြခန်းနှင့် ပန်းဆယ်မျိုးပြခန်းတို့ကိုလည်းကောင်း ပြသထားကြောင်း သိရသည်။

ပြတိုက်ကို တနင်္လာနေ့နှင့် အခါကြီးရက်ကြီးရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားရှိရာ ဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၅၀၀၊ နိုင်ငံခြားသားဖြစ်ပါက တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ကောက်ခံကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများနှင့် ရဟန်း၊ သံဃာတို့အတွက် အခမဲ့လေ့လာနိုင်ပြီး မြန်မာ့ယဉ်ကျေးမှုနှင့် သမိုင်းဖြစ်စဉ်များကို ကြည့်ရှုလေ့လာခြင်းအားဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းတတ်လာမည်ဖြစ်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၉)

## မန်းသီရိဈေးအတွင်း မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်၊ အကွက်(၂၅၉)၊ ၂၅ လမ်းနှင့် ၂၆ လမ်းကြားရှိ မန်းသီရိဈေးအတွင်းသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး၊ လက်ထောက်မီးသတ်ဦးစီးမှူး၊ သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဌာနစုမှူး ဦးကြည်ဝင်း၊ ဈေးတာဝန်ခံ ဦးအောင်ညွှန့်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက မီးလောင်မှုလျှော့ချစေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များဖြစ်သည့် မီးသုံးစွဲသည့် ကိရိယာများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လှေကားများ ဆောင်ရွက်ထားရှိခြင်း ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ အလွယ်တကူအသုံးပြုနိုင်ရန် တပ်ဆင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပတ်ဝန်းကျင် မီးဘေးအန္တရာယ် စိုးရိမ်ရမှု ရှိ၊ မရှိ စစ်ဆေးခြင်းများကို စစ်ဆေး၍ လိုအပ်ချက်ရှိသည့် ဈေးဆိုင်ပိုင်ရှင်များအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်က အသိပညာပေးခြင်း၊ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပြီး၊ မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝ၄ဝ)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်အောင်ဆောင်ရွက်ရမည်

★ ရှေ့ဖုံးမှ

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပသည့် အစည်းအဝေးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေများကို ခွင့်ပြုနိုင်ရန် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီတို့နှင့် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်တောင်းခံငွေများကို အဆင့်ဆင့်စိစစ်ခဲ့ပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေး ကော်မတီက နောက်ဆုံးစိစစ်ပြီးသည့်အပေါ်တွင် ထပ်မံညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း။

### တိုးတက်အောင်ဆောင်ရွက်ရမည်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် ကာကွယ်ရေးနှင့်လုံခြုံရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးတို့တွင် အဓိကကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များ၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် အရည်အသွေးပြည့်မီသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ ပြည်တွင်းထုတ်ကုန် တိုးမြှင့်စေရေးနှင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများ ပိုမိုလည်ပတ်နိုင်ပြီး စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်းတွင် လုံလောက်စွာ ထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များစေရေးနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် အဓိကကဏ္ဍဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကိုလည်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုပါ ပြပွဲ၊ ပြိုင်ပွဲ အသုံးစရိတ်များကိုလည်း ခွင့်ပြုပေးရမည်ဖြစ်ကြောင်း၊ အလားတူ မဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များကိုလည်း ခွင့်ပြုရမည်ဖြစ်ကြောင်း။

ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကလည်း မလိုအပ်သည့် အသုံးစရိတ်များ မသုံးစွဲမိစေရေး စိစစ်ရန်လိုကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက မူလခန့်မှန်းခြေ ရငွေပိုင်းတွင် ငွေကျပ် ဘီလီယံပေါင်း ၃၁၀၀၀ ကျော်ဖြစ်ကြောင်း၊ သုံးငွေပိုင်းတွင် ငွေကျပ်ဘီလီယံ ၃၉၀၀၀ ကျော် ဖြစ်ကြောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေကို ကြည့်မည်ဆိုပါက ရငွေပိုင်းတွင် ငွေကျပ်ဘီလီယံပေါင်း ၃၅၀၀၀ ကျော်ဖြစ်ပြီး သုံးငွေပိုင်းတွင် ငွေကျပ်ဘီလီယံ ၄၁၀၀၀ ကျော် ဖြစ်ကြောင်း၊ ယခုတွက်ချက်ပြီးသည့် GDP မှာ ငွေကျပ်ဘီလီယံ ၁၅၅၅၄၃ ဒသမ ၅၃၄ ဖြစ်သည့်အတွက် မူလခန့်မှန်းခြေတွင် လိုငွေ၏ GDP အချိုးအရ ၅ ဒသမ ၁၇ ရာခိုင်နှုန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေ၏ GDP နှင့် လိုငွေအချိုးမှာ ၃ ဒသမ ၈၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း။

ရငွေပိုင်းကို ကြည့်မည်ဆိုပါက ပြုပြင်ပြီး ခန့်မှန်းခြေ၏ ရငွေပိုင်းတွင် ငွေကျပ်ဘီလီယံပေါင်း ၄၀၇၀ ဒသမ ၃၆၄ ဘီလီယံ တိုးမြှင့်ရရှိနိုင်ရန် လျာထားခြင်းဖြစ်ကြောင်း၊ ရငွေတိုးမြှင့်အောင် ဆောင်ရွက်နိုင်သည့် ဝန်ကြီးဌာနများမှလည်း နောင်ဘဏ္ဍာရေးနှစ်များတွင် ယခုထက် ဝင်ငွေပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုံးငွေပိုင်းကို ပြန်ကြည့်မည်ဆိုပါက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဧပြီလမှစ၍ နောက်ဆုံးဖြည့်စွက်ရန်ပုံငွေ တောင်းသည့် နိုဝင်ဘာလအထိ ရှစ်လဖြစ်ပြီး လေးလ ကျန်ရှိသေးကြောင်း၊ အဆိုပါ ရှစ်လနှင့် လေးလတွင် အသုံးစရိတ် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီး လေးလခန့်ကို နှိုင်းယှဉ်ကြည့်ရာတွင် မူလခန့်မှန်းခြေတွင် ရှစ်လအတွင်း သုံးစွဲငွေမှာ ငွေကျပ်ဘီလီယံပေါင်း ၃၉၀၀၀ ကျော်ဖြစ်ပြီး ကျန်ရှိသည့် လေးလကာလအတွင်း သုံးရန်လျာထားသည့်သုံးငွေမှာ ငွေကျပ် ဘီလီယံပေါင်း ၄၁၀၀၀ ကျော်ဖြစ်သည်ကို တွေ့ရကြောင်း၊ ယခင်နှစ်တွင် ဝန်ကြီးဌာနများက မသုံးနိုင်သည့် ပိုလျှံငွေများ ပြန်လည်အပ်နှံသည်ကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ကျန်ရှိသည့် လေးလနှင့် ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများပြီးစီးအောင် သုံးစွဲရမည့် အသုံးစရိတ်နှင့် လုပ်ငန်းပြီးစီးမှုအပေါ် စိစစ်ဆွေးနွေးပေးရန်ဖြစ်ကြောင်း၊ ထိုသို့ စိစစ်ရာမှ အသုံးစရိတ်များ ထပ်မံလျှော့ချနိုင်မည်ဖြစ်ပြီး ရရှိလာသည့်ပိုလျှံငွေများကို ရာဂီမုန်တိုင်း နောက်ဆက်တွဲလုပ်ငန်းများတွင် အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် သတ်မှတ်ထားသည့် မတ်လ ၁၅ ရက်မတိုင်မီ ပြီးစီးအောင် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ၏ စိစစ်ပြီးအခြေအနေအပေါ် ရငွေနှင့် အသုံးစရိတ်များ တိုးမြှင့်လိုခြင်း၊ စိစစ်လျှော့ချလိုခြင်းများရှိပါက တင်ပြပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ ကြိုတင်စိစစ်ဆောင်ရွက်ခဲ့မှု၊ ထိုသို့ စိစစ်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအား စိစစ်ဆောင်ရွက်ခဲ့မှုနှင့် ဦးစားပေးလုပ်ငန်းများအတွက် အသုံးစရိတ်များ တိုးမြှင့်ခွင့်ပြုပေးခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား စိစစ်ပြီးစီးမှုအခြေအနေ၊ မူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း အခြေအနေနှင့် နိုင်ငံပိုင် နိုင်ငံခြားငွေ ရငွေနှင့်သုံးငွေမူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအခြေအနေတို့ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ စိစစ်ပြီးစီးမှုနှင့် ဖြည့်စွက်ခွင့်ပြုသည့်အသုံးစရိတ်များကို လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ရငွေ၊ သုံးငွေ စာရင်းများနှင့် စပ်လျဉ်းသည့် စာရင်းစစ်ဆေးခြင်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးတို့တွင် အဓိကကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များ၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် အရည်အသွေးပြည့်မီသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ ပြည်တွင်းထုတ်ကုန် တိုးမြှင့်စေရေးနှင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများ ပိုမိုလည်ပတ်နိုင်ပြီး စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်းတွင် လုံလောက်စွာ ထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များစေရေးနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် အဓိကကဏ္ဍဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကိုလည်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုပါ ပြပွဲ၊ ပြိုင်ပွဲ အသုံးစရိတ်များကိုလည်း ခွင့်ပြုပေးရမည်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် ၎င်း၏ခန့်အပ်လွှာပေးအပ်



နေပြည်တော် နိုဝင်ဘာ ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (United Nations World Food Programme - WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Michael John Dunford သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၎င်း၏ ခန့်အပ်လွှာကို လာရောက်ပေးအပ်သည်။

ထိုသို့ လာရောက်ပေးအပ်စဉ် WFP က မြန်မာနိုင်ငံတွင် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော ကိစ္စများနှင့်စပ်လျဉ်း၍ WFP မှ မြန်မာနိုင်ငံ၌ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (Global Fund) မှ Senior Fund Portfolio Manager Ms. Maria Izaskun Gaviria Ayucar ကိုလက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့ (Global Fund to Fight AIDS, Tuberculosis and Malaria- Global Fund) မှ Senior Fund Portfolio Manager Ms. Maria Izaskun Gaviria Ayucar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ Global Fund က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် Global Fund တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့မှ Senior Fund Portfolio Manager Ms. Maria Izaskun Gaviria Ayucar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၀

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့ (The Global Fund) မှ Senior Fund Portfolio Manager Ms. Maria Izaskun Gaviria Ayucar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးညွှန့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ၂၀၂၄-၂၀၂၆ ခုနှစ်အတွက် ဝန်ကြီးဌာနနှင့် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့ (The Global Fund) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တီဘီရောဂါ၊ ခုခံကျကာလသသားရောဂါနှင့် ငှက်ဖျားရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ခုခံကျကာလသသားရောဂါ တိုက်ဖျက်ရေး ဆေးဝါးများနှင့် တီဘီရောဂါကုသရေးဆေးဝါးများ ဝယ်ယူပေးလျက်ရှိသည့် အခြေအနေများနှင့် ဆေးဝါးများလုံလောက်မှုရှိစေရေး ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည့်ကိစ္စရပ်များ၊ ရန်ပုံငွေသုံးစွဲမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ပေးနေသည့် အခြေအနေများ၊ နှစ်ဦးနှစ်ဖက် အပြန်အလှန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ The Global Fund မှကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၂၀

ယနေ့နံနက် ၁၀ နာရီ ၅၁ မိနစ် ၂၉ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၆၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Andaman Islands, India Region) မြောက်လတ္တီတွဒ် ၁၂ ဒသမ ၄၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒသမ ၉၄ ဒီဂရီ၊ အနက် ၂၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၂၀

ယနေ့ ညနေ ၅ နာရီ ၄၈ မိနစ် ၃၀ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ကျိုက်လတ်မြို့၏ အနောက်ဘက် သုံးမိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၄၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၆၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. က တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV-6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Fara Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DAYUN YUEHU S1 (VIP EDITION) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ သတင်းစဉ်

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၈၈ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖွဲ့စည်းခြင်း**

သတင်းမီဒီယာဥပဒေပုဒ်မ ၁၃ အရ **"မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီ"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါက်တာတင်ထွန်းဦး | ဥက္ကဋ္ဌ |
| (၂) | ဦးခင်မောင်ဇော် | ဒုတိယဥက္ကဋ္ဌ(၁) |
| (၃) | ဦးခင်မောင်ကျော်ဒင် | ဒုတိယဥက္ကဋ္ဌ(၂) |
| (၄) | ဦးတင်ကိုကို | ဘဏ္ဍာရေးမှူး |
| (၅) | ဦးစိန်တိုး(ဆန်းလင်း) | စာရင်းစစ် |
| (၆) | ဒေါက်တာဇော်သန်း | ကောင်စီဝင် |
| (၇) | ပါမောက္ခဒေါက်တာမြသိန်းဟန် | ကောင်စီဝင် |
| (၈) | ဒေါက်တာခင်မောင်လွင် | ကောင်စီဝင် |
| (၉) | ဒေါက်တာတင်အောင်နိုင် | ကောင်စီဝင် |
| (၁၀) | ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်) | ကောင်စီဝင် |
| (၁၁) | ဦးမြင့်သိန်း (မောင်မောင်မြင့်သိန်း) | ကောင်စီဝင် |
| (၁၂) | ဦးကြည်ညွန့် | ကောင်စီဝင် |
| (၁၃) | ဒေါက်တာစန်းဦး | ကောင်စီဝင် |
| (၁၄) | ဦးမြတ်စိုး(မြတ်စိုး-လှိုင်) | ကောင်စီဝင် |
| (၁၅) | ဦးသိုက်ထွန်း | ကောင်စီဝင် |
| (၁၆) | ဦးဥက္ကာအေး | ကောင်စီဝင် |
| (၁၇) | ဦးဝင်းနိုင်(မင်းဆက်ပိုင်) | ကောင်စီဝင် |
| (၁၈) | ဦးစန်းလွင် | ကောင်စီဝင် |
| (၁၉) | ဦးပြည်စိုးဟန် | ကောင်စီဝင် |
| (၂၀) | ဦးတင်ဝင်း (တင်ဝင်းလေး-ကြည့်မြင်တိုင်) | ကောင်စီဝင် |
| (၂၁) | ဒေါ်နီလာမျိုးဦး | ကောင်စီဝင် |
| (၂၂) | ဒေါ်နှင်းအေးခိုင် | ကောင်စီဝင် |
| (၂၃) | ဦးအေးချမ်း | အတွင်းရေးမှူး |
| (၂၄) | ဦးလှထွဋ်ဦး (ကာတွန်းလှထွဋ်) | တွဲဖက်အတွင်းရေးမှူး(၁) |
| (၂၅) | ဦးရဲမင်းစိုး (မောင်မောက်ဝတ်လုံ) | တွဲဖက်အတွင်းရေးမှူး(၂) |

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမအသင်းပိုင် ဆီစက်ဖွင့်ပွဲနှင့် စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာသို့ သွားရောက်ပြီး သားတင်ဦး အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းနှင့် ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော အိမ်ရှင်မဆီစက်ဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက အိမ်ရှင်မဆီစက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဆီစက်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာတွင် တန်ဖိုးမြင့်စားသုံးဆီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို သမဝါယမအသင်းနှစ်သင်း ပေါင်းစပ်ဆောင်ရွက်ခဲ့ပြီး တစ်ရက်လျှင် မြေပဲဆီ ၅၀၄ ပိဿာ၊ တစ်လလျှင် ပိဿာ ၁၅၁၂၀၊ တစ်နှစ်လျှင် ပိဿာ ၁၈၁၄၄၀ ကြိတ်ခွဲထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းဝယ်ယူရရှိရေးအတွက် တစ်နှစ်လျှင် မြေပဲစိုက်ဧက ၃၅၁၂ ဒသမ ဝ၆ ဧကကို အကျိုးပြုပေးမည်ဖြစ်ကြောင်း၊ စက်ရုံအတွက် လိုအပ်သည့် ဆီထွက်သီးနှံကုန်ကြမ်းများကို ဒေသတွင်း တောင်သူများထံမှ ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် စက်ရုံရေရှည်လည်ပတ်နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီကြိတ်ခွဲစက်များ ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သားတင်ဦး အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်းဥက္ကဋ္ဌက စက်ရုံတည်ဆောက်ခဲ့မှုမှတ်တမ်းများ၊ ကြိတ်ခွဲလည်ပတ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပသော အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် သီးနှံအခြေခံ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ဝါးအခြေခံလက်မှုထည်သင်တန်း၊ သစ်အခြေခံ ပရိဘောဂသင်တန်းနှင့် ရေခဲမုန့်အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲများသို့တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာမှ သီးနှံအခြေခံ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ထူးချွန်သူ ငါးဦးကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာမှ သီးနှံအခြေခံ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ထူးချွန်သူ ငါးဦးကိုလည်းကောင်း လုပ်ငန်းသုံးစက်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက သင်တန်းအလိုက် ထူးချွန်သူ ငါးဦးတို့ကို လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## MFF Basic Futsal Referee Course 2/2024 သင်တန်းဖွင့်လှစ်




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဒိုင်ကော်မတီမှ ကြီးမှူးဖွင့်လှစ်သော MFF Basic Futsal Referee Course 2/2024 သင်တန်းကို နိုဝင်ဘာ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ယင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ နံနက်ပိုင်းက သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲ ခန်းမတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးစည်သူဝင်း၊ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်နှင့် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်နှင့် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စုပေါင်းအမှတ်တရ ဓါတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

MFF Basic Futsal Referee Course 2/2024 သင်တန်းကို နိုဝင်ဘာ ၂၀ မှ ၂၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၂ ဦးတက်ရောက်လျက်ရှိသည်။

(NGB)

➤ စာမျက်နှာ ၂၄ မှ

နှစ်ပွဲအလိုဦပင် ချန်ပီယံဖြစ်လာခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ယခုတစ်ပတ်ကစားခဲ့သည့်(Week-24)တွင် ရတနာပုံအသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သော်လည်း ISPE အသင်းက ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဂိုးမရှိ သရေကျခဲ့သည့်အတွက် ရှမ်းယူနိုက်တက်အသင်းက ချန်ပီယံ ဖြစ်လာခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် လက်ကျန်နှစ်ပွဲအဖြစ် လာမည့် နိုဝင်ဘာ ၂၄ ရက်တွင် ဒဂုံစတားယူနိုက်တက်၊ နိုဝင်ဘာ ၃၀ ရက်တွင် Junior Lions အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ (NGB)

## တိုက်ခန်းများ ရောင်းဝယ်ခြင်းနှင့် ငှားရမ်းခြင်းတို့ကို စာရင်းသွင်းမှတ်တမ်းတင်ထားရှိကြရန် အသိပေးကြေညာ

နေပြည်တော် သုခတော်ဝင်အိမ်ရာအတွင်းရှိ တိုက်ခန်းပိုင်ရှင်များအနေဖြင့် တိုက်ခန်းများ အရောင်းအဝယ်ပြုလုပ်ခြင်း၊ အငှားချထားခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် လက်ရှိ တိုက်ခန်းပိုင်ရှင်များနှင့် အခန်းငှားရမ်းနေထိုင်သူများ၏ အမည်စာရင်းများ တိကျစွာ မှတ်တမ်းတင်ထားရှိနိုင်ရန်နှင့် မမျှော်မှန်းနိုင်သော အရှုပ်အရှင်း ကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် တိုက်ခန်းရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်း ကိစ္စရပ်များ ဆောင်ရွက်ပါက သုခတော်ဝင်အိမ်ရာတိုက်ခန်းများ သာယာရေးအဖွဲ့(ကွပ်ကဲရေးရုံး)သို့ လာရောက် မှတ်တမ်းတင်စာရင်းသွင်းကြရန် သုခတော်ဝင်အိမ်ရာ တိုက်ခန်းများ သာယာရေးအဖွဲ့က အသိပေးကြေညာထားသည်။

(၀၄၅)

# (၃၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၀**

(၃၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကလေးလူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်း၊ အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည့် နိုဝင်ဘာ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့(World Children’s Day)အဖြစ်သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းအခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၁ ခုနှစ် ဩဂုတ် ၁၅ ရက်နေ့တွင် အဖွဲ့ဝင်ဖြစ်လာခဲ့ပြီး ကလေးသူငယ်များ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ၊ လူမှုရေးဝန်ဆောင်မှုနည်းလမ်းများကို စနစ်တကျဖြင့် သင်ကြားပို့ချနိုင်မည့် လူမှုရေးပညာဘာသာရပ်များအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှစ၍ Naypyitaw state Academy တွင် စတင်ဖွင့်လှစ်၍ လူမှုရေးပညာဘွဲ့ ပေးအပ်သွားမည်ဖြစ်ပါကြောင်းနှင့် ကလေးများ၏ အနာဂတ်ကောင်းကျိုးအတွက် အကောင်းဆုံးဖြစ်စေရန် ဘက်စုံကဏ္ဍစုံမှ စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ Video clip ပြသခြင်း၊ ကလေးပြုစုရေးဌာနရှိ ကလေးများနှင့် မူလတန်းကြိုကျောင်းများရှိ ကလေးများမှ တင်ဆက်ကပြမှုများကို ကြည့်ရှုအားပေးပြီးနောက် သရုပ်ဖော်တင်ဆက်ကပြခဲ့ကြသည့် ကလေးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုငွေများနှင့်အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**















# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် မသန်စွမ်းသူများအားကစားပြိုင်ပွဲ ကျင်းပမည်



**မန္တလေး နိုဝင်ဘာ ၂၀**

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးမှူးရုံးတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးဌာနဆိုင်ရာ ဦးစီးမှူးများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီးလူမှုဝန်ထမ်း ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်းက လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြကာ လုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများက မိမိတို့ကော်မတီ၏ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ကြပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ရာ ပြိုင်ပွဲများတွင် သံလုံးပစ်၊ သံပြားပစ်၊ ဗိုးချဲ၊ လှံတံပစ်၊ စစ်တုရင်၊ ဂိုးဘောလ်၊ အပြေးမီတာ(၁၀၀)၊ အပြေးမီတာ(၅၀) အစရှိသည့် အားကစားနည်းများပါဝင်မည်ဖြစ်ပြီး ကိုယ်အင်္ဂါမသန်စွမ်းများအတွက် ဗိုးချဲ၊ သံလုံးပစ်၊သံပြားပစ်၊ လှံတံပစ်တို့ကိုလည်းကောင်း၊ အကြားအာရုံ မသန်စွမ်းများအတွက် မီတာ ၁၀၀(ကျား)၊ မီတာ ၅၀ (ကျား)၊ မီတာ ၅၀ (၃)တန်း(မ) အပြေးပြိုင်ပွဲတို့ကိုလည်းကောင်း၊ ဉာဏ်ရည်မသန်စွမ်းများအတွက် ကျားမီတာ ၁၀၀ အပြေး၊ မီတာ ၅၀ အပြေး၊ မီတာ ၁၀၀ လမ်းလျှောက်၊(မ)မီတာ ၅၀ အပြေး မီတာ ၅၀ လမ်းလျှောက်တို့ကိုလည်းကောင်း၊ အမြင်အာရုံ မသန်စွမ်းများအတွက် ဂိုးဘောလ် (ကျား/မ)မီတာ ၁၀၀၊ သံလုံးပစ် (ကျား/မ)၊သံပြားပစ်(ကျား/ မ)၊ လှံတံပစ်၊ စစ်တုရင်ပြိုင်ပွဲတို့ကိုလည်းကောင်း၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိ အားကစားကွင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဗထူးကွင်းနှင့် တိုင်းဒေသကြီးလူမှုဝန်ထမ်း ဦးစီးဌာန၊ လမ်း၃၀နှင့် ၆၃ လမ်းထောင့်တို့တွင် နိုဝင်ဘာ ၂၇ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(၀၉၃)**



# ဂန္ဓမာပန်းစိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ

**မကွေး နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်ရှိ ဇရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကိုင်းမြေနုများ၌ ဂန္ဓမာပန်းကို စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိကြောင်း ရေနံချောင်းမြို့နယ်ရှိ တောင်သူများထံက သိရသည်။

''ဂန္ဓမာပန်းကို နှစ်စဉ်စိုက်တယ်၊ လက်ရှိဂန္ဓမာပန်းအပင်ရေ တစ်သိန်းစိုက်ပါတယ်၊ ဂန္ဓမာပန်းပျိုးကတော့ ပန်းငုတ်ကိုပြန်စိုက်ရပြီး၊ ပန်းငုတ်တစ်ငုတ်ကို ၁၁ ကျပ် ဝယ်ရတယ်၊ အပင်ရေတစ်သိန်းကို စိုက်ပျိုးစရိတ်မှာ မြေဩဇာ၊ သဘာဝမြေဩဇာ၊ ပန်းငုတ်၊ အလုပ်သမားခ၊ ထွန်ယက်ခ အပါအဝင် ကုန်ကျစရိတ်ရှိတယ် ကျပ်ဆယ့်ငါးသိန်း ကုန်ကျတယ်၊ ဒါပေမယ့် အကျိုးမြတ်ရတယ်'' ဟု ဖေါင်းကတောရွာသစ်ကျေးရွာနေ စိုက်ပျိုးသူတစ်ဦးက ပြောသည်။

ယခုတစ်ပတ်တွင် ဂန္ဓမာပန်းများ ရောင်းချနေရပြီဖြစ်ပြီး ပန်းအနေအထားနှင့် အစည်းအနေအထားပေါ်မူတည်ပြီး ပန်းတစ်စည်းလျှင် ကျပ် ၁၀၀၀ ကနေ ကျပ် ၁၅၀၀ ရောင်းရပြီး ရေနံချောင်းမြို့နယ်ရှိ ကျေးရွာများ၌ ဂန္ဓမာပန်းစိုက်ပျိုးခြင်းဖြင့် တောင်သူများအတွက် တစ်ဖက်တစ်လမ်းကနေ ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၄၇၂)

၀-၀-၀-၀-၀

၀-၀-၀

# မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် ခရိုင်အလိုက် ဘောလုံးပြိုင်ပွဲ ပထူးကွင်းတွင် ဆက်လက်ကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက်ခရိုင်အလိုက် ဘောလုံးပြိုင်ပွဲ(က)အုပ်စုနှင့် (ခ)အုပ်စုပွဲစဉ် ပြိုင်ပွဲများကို မန္တလေးမြို့ ဗထူးအားကစားပြိုင်ကွင်းတွင် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဆက်လက်ကျင်းပရာ ညနေပွဲတွင် ညောင်ဦးခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် သုံးဂိုးစီဖြင့် သရေပွဲဖြစ်သွားကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းပွဲစဉ်တို့တွင် ရမည်းသင်းခရိုင်အသင်းက ပြင်ဦးလွင်ခရိုင်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် လည်းကောင်း ကျောက်ဆည်ခရိုင်အသင်းက မဟာအောင်မြေခရိုင်အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသွားကြသည်။

အဆိုပါ ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်တို့မှ ပညာရေးနှင့် အား/ကာတို့မှ တာဝန်ရှိသူများ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူနည်းပြဆရာမများ အားကစားသမားများ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြကြောင်း သိရသည်။ **(၀၄၀)**

# သမဝါယမ အသင်းသားတောင်သူများ မိုးစပါးစိုက် ၁၀၉၀၇ ဧက စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အတွင်း မြို့နယ်(၁၆)မြို့နယ်တွင် သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ဧက ၁၀၉၀၇ ဧက စိုက်ပျိုးထားရှိရာ လက်ရှိအချိန်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

အဆိုပါ မြို့နယ် ၁၆ မြို့နယ်တွင် သမဝါယမအသင်းပေါင်း ၁၀၅ သင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၀၉၀၇ ဧကတို့အတွက် အောင်မြင်ဖြစ်ထွန်းစေရန် သွင်းအားစုများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသဝမ်းစာဖူလုံစေရေးတို့အတွက် မိုးစပါးများကို ပြီးခဲ့သည့် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်တွင် အောင်မြင် ဖြစ်ထွန်းလျက်ရှိပြီး မကြာခင်ကာလ၌ ရိတ်သိမ်းတော့မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

'မိုးစပါးစိုက်ပျိုးတဲ့ သမဝါယမအသင်းသားတောင်သူတွေကိုပံ့ပိုးမှုက မိုးစပါးတစ်ဧကကို ငွေကျပ် နှစ်သိန်းနဲ့ ညီမျှတဲ့သွင်းအားစုတွေကို ပံ့ပိုးပေးခဲ့ပါတယ်။ ပံ့ပိုးပေးခဲ့ရာမှာ စုစုပေါင်း ၂၁၈၂ ဒသမ ၆၇၅ သန်း တန်ဖိုးနှင့် ညီမျှတဲ့ မျိုးစပါး ၄၇၁၅ ဒသမ ၅ တင်း၊ သဘာဝမြေဩဇာ ၈၃၆၁ အိတ်၊ ပုလဲ ၅၀ ကေဂျီ ၇၈၅၆ အိတ်၊ ကွန်ပေါင်းမြေဩဇာ ၅၀ ကေဂျီ ၇၇၈၀ အိတ်၊ ပိုးသတ်ဆေး ၁၂၀၄၄ ပုလင်း ပံ့ပိုးကူညီဆောင်ရွက်ပြီး ဖြစ်တယ်။ မကြာခင်မှာ မိုးစပါးတွေ ရိတ်သိမ်းတော့မှာဖြစ်တဲ့အတွက် သီးနှံပေါ်ချိန်မှာ ပံ့ပိုးပေးထားတဲ့ သွင်းအားစုတန်ဖိုးကို အသင်းသားတောင်သူတွေက သက်ဆိုင်ရာ အသင်းစုချုပ်၊ မြို့နယ်အသင်းတွေကို ပြန်လည်ပေးဆပ်သွားရမှာဖြစ်ပါတယ်။ မိုးစပါးတွေ ကအောင်မြင်ဖြစ်ထွန်း နေပါတယ်။ ယခင်နှစ်ထက်စာရင် သမဝါယမရဲ့ ပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်မှု၊ မျိုး၊ မြေ၊ ရေ၊ နည်းဆိုတဲ့ နည်းလမ်းလေးသွယ်ကို အနီးကပ်ဆောင်ရွက်ပေးမှုကြောင့် ယခင်နှစ်ထက်စာရင် အထွက်တိုးပါတယ်' ဟု ၎င်းက ပြောသည်။

အဆိုပါ မိုးစပါးများ စိုက်ပျိုးဆောင်ရွက်ကြသည့် မြို့နယ်များမှာ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မြင်းခြံမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ကျောက်ပန်းတောင်းမြို့နယ် စသည့် မြို့နယ်များရှိ အသင်းသားတောင်သူများမှ စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။


**(အပေါ်ဝဲပုံ)**

(၀၇၃)

# အာဂျင်တီးနားသမ္မတနှင့် တရုတ်သမ္မတတို့နှစ်ဦး ရီယိုဒီဂျနေးရိုးမြို့၌ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေး

**ဘရာဇီးလီးယား**
**နိုဝင်ဘာ ၂၀**

အာဂျင်တီးနားသမ္မတ ဟာဗီယားမီလိုင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့နှစ်ဦး ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ နိုဝင်ဘာ ၂၀ ရက်က ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ဟာဗီယားမီလိုင်အနေဖြင့် အာဂျင်တီးနားသမ္မတဖြစ်လာပြီးနောက် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပထမဆုံးတွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

၂၀၂၃ ခုနှစ်က ၎င်းသည် တရုတ်အစိုးရကို ပြင်းထန်စွာဝေဖန်ရှုတ်ချခဲ့ပြီး ကွန်မြူနစ်များနှင့် ဆွေးနွေးလိမ့်မည်မဟုတ်ဟု ပြောဆိုခဲ့ဖူးသည်။

သို့ရာတွင် တရုတ်နိုင်ငံတည်ထောင်မှု ၇၅ နှစ်ပြည့်အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာထဲတွင်မူ ၎င်း၏လေသံပျော့ပျောင်းသွားခဲ့ပြန်သည်။

ရီယိုဒီဂျနေးရိုးမြို့၌ ၎င်းတို့နှစ်ဦးတွေ့ဆုံရာတွင် တရုတ်သမ္မတရှီကျင့်ဖျင်က အဆိုပါသဝဏ်လွှာအတွက် ကျေးဇူးတင်သည်ဟု အာဂျင်တီးနားသမ္မတကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ကမ္ဘာ့နပန်း ဖျော်ဖြေရေး ပူးတွဲတည်ထောင်သူ မက်မေဟွန် အမေရိကန်ပညာရေးဝန်ကြီးအဖြစ် လျာထားခြင်းခံရ



**ဝါရှင်တန် နိုဝင်ဘာ ၂၀**

ကမ္ဘာ့နပန်း ဖျော်ဖြေရေး ပူးတွဲတည်ထောင်သူ လင်ဒါမက်မေဟွန် အမေရိကန်ပညာရေးဝန်ကြီးအဖြစ် လျာထားခြင်းခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထရမ့်၏ ယခင်သမ္မတသက်တမ်းတွင် လင်ဒါမက်မေဟွန်သည် အသေးစားလုပ်ငန်းစီမံခန့်ခွဲသော အဆင့်သာရှိခဲ့သော်လည်း နောက်ပိုင်းတွင် စီးပွားရေးကောင်းလာသဖြင့် ယခုနှစ် သမ္မတရွေးကောက်ပွဲမဲဆွယ်စည်းရုံးရာ၌ ဒေါ်လာသန်းနှင့်ချီ၍ ထောက်ပံ့ခဲ့သည်။

ယခင်သမ္မတသက်တမ်းအတွင်း ထရမ့်က ပညာရေးဝန်ကြီးဌာနကို ဖျက်သိမ်းပစ်ရန်အထိ ခြိမ်းခြောက်ပြောဆိုခဲ့ဖူးကြောင်း သိရသည်။

**Mon**



## အီလွန်မတ်စ်နှင့် ဒေါ်နယ်လ်ထရမ့်တို့နှစ်ဦးအတူတွဲကာ ကြယ်သင်္ဘောဒုံးပျံလွှတ်တင်မှု သွားရောက်ကြည့်ရှု

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

ကမ္ဘာ့အချမ်းသာဆုံးသူဌေး အီလွန်မတ်စ်နှင့် ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ အနိုင်ရသူ ဒေါ်နယ်လ်ထရမ့်တို့နှစ်ဦးအတူတွဲကာ ကြယ်သင်္ဘောဟုခေါ်ဆိုသည့် ကမ္ဘာ့အကြီးဆုံးဒုံးပျံလွှတ်တင်မှုကို နိုဝင်ဘာ ၁၉ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၎င်းတို့နှစ်ဦးသည် တက္ကဆက်ပြည်နယ် ဘရောင်းစ်ဗီးလ်သို့ ခရီးနှင်ကာ အီလွန်မတ်စ်ဦးဆောင်သော စပေ့စ်အိတ်ခ်စ်ကုမ္ပဏီမှ ဧရာမကြယ်သင်္ဘောဒုံးပျံကြီး လွှတ်တင်ခြင်းကို ကြည့်ရှုရန် ဘိုကာချီကာဒေသအနီးရှိ လွှတ်တင်ရေးကွင်းပြင်အထိ သွားရောက်ခဲ့ကြသည်။

အဆိုပါကွင်းပြင်သို့ ကြိုတင်ရောက်ရှိကွပ်ကဲနေသော အီလွန်မတ်စ်က ဒေါ်နယ်လ်ထရမ့်နှင့်အဖွဲ့သားများအား ကြိုဆိုပြီး ထိုဒုံးပျံကြီးလွှတ်တင်မှုကို စောင့်ဆိုင်းကြည့်ရှုခဲ့ကြသည်။

ထိုဒုံးပျံအမျိုးအစားကို ၆ ကြိမ်မြောက် စမ်းသပ်လွှတ်တင်ရာတွင် ၁၄ မိနစ်ခန့်အတွင်း ၆ မိုင်ကျော်အကွာအဝေးအထိ ရောက်ရှိကာ အိန္ဒိယသမုဒ္ဒရာထဲသို့ ဆင်းသက်နိုင်စေခဲ့ကြောင်း သိရသည်။

**Mon**



၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာကလေးများငြိမ်းချမ်းရေးဆုချီးမြှင့်ခံရသော အသက် ၁၇ နှစ်အရွယ် အာဖဂန်နစ္စတန်နိုင်ငံသူ နီလာအီဘရာဟီမီကို တွေ့ရစဉ်။

**Mon**

## ဂါဇာ၌ဖမ်းခံထားရသော သုံ့ပန်းများကိုလွှတ်ပေးလျှင် ဒေါ်လာသန်းနှင့်ချီ ချီးမြှင့်မည်ဟု နက်တန်ယာဟု ပြောကြား

**ဂျေရုဆလင် နိုဝင်ဘာ ၂၀**

ဂါဇာ၌ဖမ်းခံထားရသော သုံ့ပန်းများကိုလွှတ်ပေးလျှင် သုံ့ပန်းတစ်ဦးအတွက် ဒေါ်လာ ၅ သန်းဆုချီးမြှင့်မည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုအတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နိုဝင်ဘာ ၁၉ ရက်က ဂါဇာကမ်းမြောင်ဒေသသို့ ၎င်းရောက်ရှိစဉ် အစ္စရေးသုံ့ပန်းများ လွှတ်မြောက်ရေးနှင့်ပတ်သက်၍ ပြောကြားစဉ် ဆုကြေးငွေပေးမည့်အကြောင်း ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

မည်သူမဆို သုံ့ပန်းကို ဘေးကင်းလုံခြုံစွာ လွှတ်မြောက်အောင် ခေါ်လာပေးနိုင်လျှင် မိမိတို့ဘက်မှ ဆုကြေးငွေချီးမြှင့်မည်ဖြစ်ကြောင်း နက်တန်ယာဟုက အတည်ပြုပြောဆိုသည်။

ဂါဇာကမ်းမြောင်ဒေသတွင် ဟားမတ်စ်အုပ်စုက ထိန်းသိမ်းထားသော သုံ့ပန်း ၁၀၁ ဦးရှိနေသေးသည်ဟု အစ္စရေးဘက်က ခန့်မှန်းထားကြောင်း သိရသည်။

**Mon**

0-0-0-0-0



# STOP AIDS

## ဘလူးစကိုင်းဟုခေါ်ဆိုသော အင်တာနက်လူမှုကွန်ရက် အမေရိကန်နှင့် ဗြိတိန်နှစ်နိုင်ငံတွင် ရေပန်းစားလျက်ရှိ

**လန်ဒန် နိုဝင်ဘာ ၂၀**

ဘလူးစကိုင်းဟုခေါ်ဆိုသော အင်တာနက်လူမှုကွန်ရက် အမေရိကန်နှင့် ဗြိတိန်နှစ်နိုင်ငံတွင် ရေပန်းစားလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အထူးသဖြင့် အမေရိကန်သမ္မတရွေးကောက်ပွဲမတိုင်မီက ဘလူးစကိုင်း လူမှုကွန်ရက်အပလီကေးရှင်းကို အဆိုပါနှစ်နိုင်ငံစလုံးတွင် ဒေါင်းလုပ်ဆွဲသူပိုများလာခဲ့သည်။

ထိုလူမှုကွန်ရက်ရေပန်းစားနေသော်လည်း မိမိအနေဖြင့်ရော အစိုးရဌာနများအတွက်ပါ ဘလူးစကိုင်းအကောင့်ဖွင့်ရန် အစီအစဉ်မရှိသေးဟု ဘရာဇီးရောက် ဗြိတိန်ဝန်ကြီးချုပ် ဆာကီယာစတာမာက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ဟားမတ်စ်အုပ်စုခေါင်းဆောင်များနှင့်ပတ်သက်၍ ကာတာအစိုးရက သတင်းစာရှင်းလင်းပွဲ၌ အတည်ပြု

**ဒိုဟာ နိုဝင်ဘာ ၂၀**

ဟားမတ်စ်အုပ်စုခေါင်းဆောင်များနှင့်ပတ်သက်၍ ကာတာအစိုးရက နိုဝင်ဘာ ၁၉ ရက်တွင် ဒိုဟာမြို့တော်၌ သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ အတည်ပြုခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသပြင်ပ၌ရှိနေသည်ဆိုသော ဟားမတ်စ်အုပ်စု၏ ရာထူးအကြီးဆုံးခေါင်းဆောင် ခါလီလ်အယ်လ်ဟေယာနှင့် အခြားဦးဆောင်သူများ ဒိုဟာမြို့တွင် မရှိတော့ကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူက သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားသည်။

ဒိုဟာအခြေစိုက် ဟားမတ်စ်အုပ်စု၏ရုံးကို အပြီးပိတ်သွားခြင်းမဟုတ်ဟု ထိုပြောခွင့်ရသူက ရှင်းပြခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# ပြည်သူတို့သိမှတ်ဖွယ်ရာ လျှပ်စစ်လုပ်ငန်းစဉ်များ

မောင်မောင်စွယ်စုံထွန်း

**(၁၈-၁၁-၂၀၂၄)ရက် စာမျက်နှာ ၆ မှအဆက်-**

(င) သုံးစွဲမည့် ဝန်အားစာရင်းတို့ ပါရှိရမည်၊

(စ) ပူးတွဲတင်ပြစာရွက်စာတမ်းများတွင် မြို့နယ်လျှပ်စစ်တာဝန်ခံတို့က မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီးကြောင်း အတည်ပြုလက်မှတ်ပါရှိရမည်၊

(ဆ) သက်ဆိုင်ရာလုပ်ငန်းအလိုက် သက်တမ်းလွန်မဟုတ်သော အောက်ပါလုပ်ငန်းလိုင်စင် အထောက်အထားများ တင်ပြရမည်-

(၁) ဆန်စက်၊ ဆီစက်၊ ရေခဲစက်၊ အခြားစက်မှုလက်မှုလုပ်ငန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများ (စက်မှုလုပ်ငန်းလိုင်စင်၊ စည်ပင်လိုင်စင်)၊

(၂) စက်သုံးဆီအရောင်းဆိုင် (မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏ အတည်ပြုဆောက်လုပ်ခွင့်၊ စည်ပင်လိုင်စင်)၊

(၃) ပုဂ္ဂလိကဆေးရုံ(ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပေးသော လုပ်ငန်းလိုင်စင်၊ အထောက်အထား၊ စည်ပင်လိုင်စင်)၊

(၄) ဟိုတယ် (ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပေးသော လုပ်ငန်းလိုင်စင်၊ အထောက်အထား)၊

(၅) ရေသန့်စက် (ကျန်းမာရေးနှင့်ဝန်ကြီး ဌာနက ထုတ်ပေးသော လုပ်ငန်းလိုင်စင်၊ အထောက်အထား၊ စက်မှုလုပ်ငန်းလိုင်စင်)၊

(၆) တည်းခိုခန်း (သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီအဖွဲ့က ထုတ်ပေးသော လုပ်ငန်းလိုင်စင်)၊

(၇) သစ်နှင့်ဆိုင်သောလုပ်ငန်း(သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီအဖွဲ့က ထုတ်ပေးသော လုပ်ငန်းလိုင်စင်၊

(၈) ဆက်သွယ်ရေးလုပ်ငန်း (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထုတ်ပေးသော လုပ်ငန်းလိုင်စင်)၊

(၉) ခိုက်ပျိုးရေးသတ္တုတွင်း၊ ရေပေးဝေရေးနှင့် မြစ်ရေတင် စသည့် (သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပေးသောလုပ်ငန်းလိုင်စင်၊ အထောက်အထား)၊

(၁၀) စီမံကိန်းလုပ်ငန်းများတွင် ယာယီတပ်ဆင်အသုံးပြုခြင်း၊ (သက်ဆိုင်ရာဝန်ကြီးဌာနမှ ထောက်ခံချက်၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်)၊

(၁၁) စက်မှုဇုန်အတွင်းဖြစ်ပါက ဇုန်ကော်မတီ၏ ထောက်ခံချက် (မူရင်း)ပါရှိရမည်၊

(၁၂) ကန်ထရိုက်တိုက်များ ထရန်စဖော်မာ လျှောက်ထားခြင်းဖြစ်ပါက သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီအဖွဲ့၏ အဆောက်အအုံဆောက်လုပ်ခွင့်၊ ခွင့်ပြုထားသည့် အဆောက်အအုံ Design နှင့် Drawing၊ မြေဂရန်မိတ္တူ၊ မြေရှင်နှင့် ကန်ထရိုက်တို့ ချုပ်ဆိုထားသည့် နှစ်ဦးသဘောတူစာချုပ်၊

(၁၃) အိမ်ရာများ၊ ကွန်ဒိုမီနီယံများ ထရန်စဖော်မာ လျှောက်ထားလာပါက သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီအဖွဲ့၏ အဆောက်အအုံဆောက်လုပ်ခွင့်၊ ခွင့်ပြုထားသည့် ဆောက်လုပ်ခွင့်၊ ခွင့်ပြုထားသည့် အဆောက်အအုံ Design နှင့် Drawing ၊ မြေဂရန်မိတ္တူ၊ မြေရှင်နှင့် ကန်ထရိုက်တို့ ချုပ်ဆိုထားသည့် နှစ်ဦးသဘောတူစာချုပ်၊

(၁၄) ဓာတ်အားလိုင်းကို မိမိကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သော်လည်း နိုင်ငံတော်ဓာတ်အားစနစ်ကို အသုံးပြုခြင်းဖြစ်သဖြင့် မီးလင်းရေးဆောင်ရွက်ထားသော ဓာတ်အားလိုင်းမှ လိုအပ်ချက်ရှိသော ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ပုဂ္ဂလိက၊ ဌာန အစရှိသည်များသို့ ချိတ်ဆက်ဓာတ်အားပေးရန် ခွင့်ပြုခြင်းကို ကန့်ကွက်ရန်မရှိကြောင်း ဝန်ခံကတိပြုချက် ပူးတွဲပေးရပါမည်။

၂။ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ရုံးက အောက်ပါအချက်အလက်များကို စိစစ်ပါမည်-

(က) သုံးစွဲဝန်အားနှင့် ထရန်စဖော်မာ အင်အားကိုက်ညီမှု ရှိမရှိ

(ခ) ဓာတ်အားရယူမည့် ၁၁ ကေဗွီ/၃၃ ကေဗွီ ဓာတ်အားလိုင်း၏ Technical Data ၊

(ဂ) ဓာတ်အားရယူမည့် ၃၃ ကေဗွီ (သို့) ပင်မဓာတ်အားခွဲရုံများ၏ ဝန်အားနိုင်နင်းမှုရှိ၊ မရှိနှင့် ဓာတ်အားခွဲရုံဆိုင်ရာအချက်အလက်များ၊

(ဃ) ဓာတ်အားပေးရမည့် ပင်မဓာတ်အားခွဲရုံ (Primary Substation) ရှိ Main Transformer ၏ Voltage Radio၊ Capacity နှင့် အများဆုံးသုံးစွဲဝန်အားအချက်အလက်ကိုရယူ၍ ဝန်အားနိုင်နင်းမှုရှိ၊ မရှိ၊

(င) ပင်မဓာတ်အားခွဲရုံ (Secondary Substation)က ပေးပို့ထားသော Feeder ၏ Voltage Radio၊ Install Capacity၊ C.T Radio နှင့် အများဆုံးဝန်အားတို့ကို စိစစ်ရမည်၊

(စ) ထပ်ဆင့်ဓာတ်အားခွဲရုံတစ်ရုံနှင့် တစ်ရုံ (ဥပမာ-66/33kv ခွဲရုံနှင့် 33/11kv ခွဲရုံ)ကြား Feeder ၏ Voltage ၊ C.T Radio၊ အများဆုံးဝန်အား၊ ကြိုးအရွယ်အစား၊ လိုင်းအရှည်မိုင်တို့ကို စိစစ်ရမည်၊

(ဆ) 33 ကေဗွီ၊ 11ကေဗွီ ဓာတ်အားလိုင်းကြိုး လဲလှယ်ရန် လိုအပ်မှုရှိ၊ မရှိ စိစစ်ရမည်၊

(ဈ) 33 ကေဗွီ စနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေသော စက်မှုဇုန်များမှလွဲ၍ ကျန်အများပြည်သူသုံး 33ကေဗွီဓာတ်အားလိုင်းမှ ဓာတ်အားဆက်သွယ်ရယူခြင်း ဖြစ်ပါက မိန်းလိုင်းနှင့် ဆက်သွယ်မည့်နေရာတွင် အမျိုးအစားကောင်းမွန်သော 33 kv Recloser Switch တပ်ဆင်ရမည်။ မည်သည့်အရွယ်အစား ထရန်စဖော်မာကို တပ်ဆင်သည်ဖြစ်စေ ဓာတ်အားလက်ခံမည့်ဓာတ်အားခွဲရုံတွင် 33kv Circuit Breaker ကို မဖြစ်မနေတပ်ဆင်ရမည်၊

(ည) ဌာန၏ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက မြို့နယ်ရုံးမှ Location Map၊ One Line Diagram နှင့်အတူ အမှုတွဲပြုစု၍ နှစ်ပတ်အတွင်း သက်ဆိုင်ရာခရိုင်ရုံးများသို့ တင်ပြရပါမည်၊

၃။ ခရိုင်ရုံးက အောက်ပါအတိုင်း စိစစ်ပေးရပါမည်-

(က) ပင်မဓာတ်အားခွဲရုံ(Primary Substation)က ပေးပို့ထားသော Feeder ၏ Voltage ၊ C.T Ration ၊ အများဆုံးဝန်အား ၊ ကြိုးအရွယ်အစား၊ လိုင်းအရှည်မိုင်တို့ကို စိစစ်ရမည်၊

(ခ) ထပ်ဆင့်ဓာတ်အားခွဲရုံ (Secondary Substation)ရှိ Main Transformer ၏ Voltage Radio ၊ install Capacity ၊ C.T Radio နှင့် အများဆုံးဝန်အားတို့ကို စိစစ်ရမည်၊

(ဂ) ခရိုင်ရုံးက အမှုတွဲအားစိစစ်၍ ပြည့်စုံမှု၊ သတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိပါက တိုင်းရုံး/ရုံးချုပ်သို့ တင်ပြသွားပါမည်။

၄။ ရုံးချုပ်အနေဖြင့် ပင်မဓာတ်အားခွဲရုံ (Primary Substation) က ပေးပို့ထားသော Feeder ၏ Voltage၊ C.T Ration၊ အများဆုံးဝန်အား၊ ကြိုးအရွယ်အစား၊ လိုင်းအရှည်မိုင်တို့ကို စိစစ်ရမည်။

## လျှပ်စစ်စစ်ဆေးရေးအဖွဲ့(EI)ထံမှ ဓာတ်အားလွှတ်နိုင်ကြောင်း အတည်ပြုလက်မှတ်ရရှိခြင်း၊ သက်ဆိုင်ရာနည်းပညာဌာနများက အသုံးပြုပစ္စည်းများနှင့် တည်ဆောက်ပုံမှန်ကန်ကြောင်း ထောက်ခံချက်ရရှိခြင်း ...

၅။ လျှပ်စစ်ဆိုင်ရာရုံးအဆင့်ဆင့်မှစိစစ်၍ ထရန်စဖော်မာလျှောက်ထားမှုကို ရုံးချုပ်(ဓာတ်အားဖြန့်ဖြူးရေးဌာန)က စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးသို့ တင်ပြရပါမည်။

၆။ ၁၀၀ ကေဗွီအေအောက် ထရန်စဖော်မာတပ်ဆင်ခြင်းဖြစ်ပါက သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် ရုံးချုပ်က ခွင့်ပြုမိန့်ထုတ်ပေးရမည်ဖြစ်ပါသည်။

၇။ ၁၀၀၀ ကေဗွီအေနှင့်အထက်ဖြစ်ပါက ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူရပါမည်။

၈။ ဓာတ်အားသုံးစွဲလိုသူက ခွင့်ပြုမိန့်ရရှိပြီးပါက မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတွင် သတ်မှတ်ကျသင့်ငွေများ ပေးသွင်းရပါမည်။

၉။ သတ်မှတ်ကျသင့်ငွေများ ပေးသွင်းပြီးပါက လျှပ်စစ် (EI) လက်မှတ်ရလုပ်သားများက ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်တပ်ဆင်ခြင်းဆောင်ရွက်ပါမည်။

၁၀။ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက မြို့နယ်လျှပ်စစ်ရုံးမှ လျှပ်စစ်စစ်ဆေးရေးဦးစီးဌာန (EI) သို့ စစ်ဆေးပေးရန် အကြောင်းကြားပါသည်။

၁၁။ လျှပ်စစ်စစ်ဆေးရေးအဖွဲ့ (EI)ထံမှ ဓာတ်အားလွှတ်နိုင်ကြောင်း အတည်ပြုလက်မှတ်ရရှိခြင်း၊ သက်ဆိုင်ရာနည်းပညာဌာနများက အသုံးပြုပစ္စည်းများနှင့် တည်ဆောက်ပုံမှန်ကန်ကြောင်း ထောက်ခံချက်ရရှိခြင်း၊ မီတာတပ်ဆင်ခြင်းများဆောင်ရွက်ပြီးစီးပါက တည်ဆောက်ပြီး ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံကို ဓာတ်လွှတ်ခွင့်ခွင့်ပြုမိန့်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါလုပ်ငန်းစဉ်များသည် လက်ရှိမျက်မှောက်ခေတ်တွင် ခေတ်ကာလနှင့်လျော်ညီအောင် ပြန်လည်သတ်မှတ်ဆောင်ရွက်လျက်ရှိသော SOP(Standard Operating Procedure) စံသတ်မှတ်ထားသော လျှပ်စစ်လုပ်ငန်းဆောင်ရွက်မှု လုပ်ထုံးလုပ်နည်းအဆင့်များဖြစ်ပြီး ပြည်သူများဖက်မှရော သက်ဆိုင်ရာ လျှပ်စစ်ရုံးမှ ဝန်ထမ်းများအနေဖြင့်ရော မသိမဖြစ်သိရှိထားသင့်ပါ၍ ပြည့်စုံအောင်ရှာဖွေစုစည်း၍ ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ အကယ်၍ လိုအပ်ချက်များရှိပါကလည်း စာရေးသူ၏ချို့ယွင်းအားနည်းမှုသာဖြစ်ကြောင်း အနူးအညွတ်မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ ပြည်သူများအနေဖြင့် အဆိုပါ လုပ်ငန်းစဉ်အဆင့်ဆင့်အား သိရှိပြီး ကြားပွဲစားများဖြင့် ဆောင်ရွက်ခြင်းမျိုးမပြုလုပ်ကြဘဲ မိမိကိုယ်တိုင် ငွေကုန်ကြေးကျသက်သာစွာဖြင့် သက်ဆိုင်ရာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်လျက်ရှိသဖြင့် သက်ဆိုင်ရာ လျှပ်စစ်ရုံးများတွင် စိတ်ချမ်းမြေ့စွာ ဆက်သွယ်ဆောင်ရွက်နိုင်ကြပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# နိုင်ငံတကာ အားကစား သတင်းများ



## ဝေးလ်အသင်းက အိုက်စလန်အသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် နိုဝင်ဘာ ၂၀**

ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဝေးလ်အသင်းနှင့် အိုက်စလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝေးလ်အသင်းက အိုက်စလန်အသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ဝဲပုံ)**

ဝေးလ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၃၂မိနစ်နှင့် (၄၅+၁)မိနစ်တွင် ကာလန်၊ ပွဲချိန် ၆၅မိနစ်တွင် ဂျွန်ဆန်၊ ပွဲချိန် ၇၉မိနစ်တွင် ဟယ်ရီဝီဆန်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ဝေးလ်အသင်းသည် ယူအီးအက်ဖ်အေနေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ် ၆ပွဲ ကစားအပြီးတွင် ရမှတ် ၁၂မှတ် အုပ်စုပထမဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။ **(NGB)**

## နည်းပြ အယ်လ်ဘာတိုဂီလာဒီနိုအား နည်းပြရာထူးမှ ဂျီနိုအာအသင်းထုတ်ပယ်

**တူရင် နိုဝင်ဘာ ၂၀**

စီးရီးအေကလပ် ဂျီနိုအာအသင်းသည် အသင်းရလဒ်ဆိုးများကြောင့် နည်းပြ အယ်လ်ဘာတိုဂီလာဒီနိုအား ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ဂျီနိုအာအသင်းသည် ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေ ပွဲစဉ် ၁၂ပွဲကစားအပြီးတွင် ရမှတ် ၁၀မှတ်ဖြင့် အဆင့် ၁၇နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားခြင်းကြောင့် နည်းပြ အယ်လ်ဘာတိုဂီလာဒီနိုအား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ အယ်လ်ဘာတိုဂီလာဒီနိုသည် ဂျီနိုအာအသင်းအား ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၆ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၇၉ပွဲတွင် ၃၂ပွဲနိုင်၊ ၂၄ပွဲသရေ၊ ၂၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ဂျီနိုအာအသင်းထုတ်ပြန်ချက်တွင် 'နည်းပြ အယ်လ်ဘာတိုဂီလာဒီနိုအား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ' ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**





## ကင်းမစ်ချ်အား ရီးရဲလ်မက်ဒရစ်အသင်း ခေါ်ယူသွားမည်

**မက်ဒရစ် နိုဝင်ဘာ ၂၀**

ရီးရဲလ်မက်ဒရစ်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်း နောက်ခံကစားသမား ကင်းမစ်ချ်အား လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ခေါ်ယူသွားမည်ဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၀၆ ပွဲကစားပြီး ၄၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား ကင်းမစ်ချ်ကလည်း လက်ရှိအချိန် ဘိုင်ယန်မြူးနစ်အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းထံမှ ကင်းမစ်ချ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## ဂိုးသမား ကယ်လ်လီဟာအား ခေါ်ယူရန် ချဲလ်ဆီးအသင်း စီစဉ်

**လန်ဒန် နိုဝင်ဘာ ၂၀**

ချဲလ်ဆီးအသင်းသည် လီဗာပူးအသင်း ဂိုးသမား ကယ်လ်လီဟာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဂိုးသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၅ပွဲသာ ကစားထားရပြီး ပွဲထွက်ခွင့်နည်းပါးနေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ဂိုးသမား ကယ်လ်လီဟာကလည်း လီဗာပူးအသင်းတွင် ပွဲထွက်ခွင့်နည်းပါးနေခြင်းကြောင့် ပွဲထွက်ခွင့်သေချာစေမည့် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် လီဗာပူးအသင်းထံမှ ဂိုးသမား ကယ်လ်လီဟာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**



### ဘောလုံးသတင်းအတိုအထွာများ

* ဆောက်သမ်တန်အသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး အန်းဒရစ်အား အငှားဖြင့် ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်) ခြေစစ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ကိုလံဘီယာအသင်းနှင့် အီကွေဒေါ အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီကွေဒေါအသင်းက ကိုလံဘီယာအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(NGB)**

## လီဝန်ဒေါ့စကီး ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းတိုးမည်

**ဘာစီလိုနာ နိုဝင်ဘာ ၂၀**

ဘာစီလိုနာအသင်းသည် အသင်းတိုက်စစ်မှူး လီဝန်ဒေါ့စကီးအား မကြာမီရက်ပိုင်းအတွင်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

အသက်(၃၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အသက်အရွယ်ပိုင်းအားဖြင့် ရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးခြင်းကြောင့် အသင်းမှ စာချုပ်သက်တမ်းတိုးသွားမည်ဖြစ်သည်။

တိုက်စစ်မှူး လီဝန်ဒေါ့စကီးသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၂ ပွဲကစားပြီး ၇၈ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။ **(ဝဲပုံ)**

ဘာစီလိုနာအသင်းထုတ်ပြန်ချက်တွင် 'လီဝန်ဒေါ့စကီးအသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမှာပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ' ဟု ထုတ်ပြန်သည်။ **(NGB)**



## 2024 LP Open by IND Scores တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Leolia Jeanjean တက်ရောက်

**လန်ဒန် နိုဝင်ဘာ ၂၀**

ချီလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 LP Open by IND Scores တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ပြင်သစ်တင်းနစ်မယ် Leolia Jeanjean တက်ရောက်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်မယ် Leolia Jeanjean သည် 2024 LP Open by IND Scores တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အိမ်ရှင် ချီလီ တင်းနစ်မယ် Fernanda Labrana အား ၆-၀၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 LP Open by IND Scores တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်မယ် Leolia Jeanjean နှင့် အာဂျင်တီးနားတင်းနစ်မယ် Maria Loourdes Carle တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## မော်ဂန်ရော်ဂျာ အက်စတွန်ဗီလာအသင်းနှင့် ၂၀၃၀ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် နိုဝင်ဘာ ၂၀**

အက်စတွန်ဗီလာအသင်းသည် အသင်း တိုက်စစ်မှူး မော်ဂန်ရော်ဂျာအား ၂၀၃၀ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁ပွဲ ကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ မော်ဂန်ရော်ဂျာက 'ကျွန်တော် အသင်းနဲ့ ၂၀၃၀ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အနာဂတ်မှာ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ' ဟု ပြောသည်။

**(အပေါ်ဝဲပုံ)**

**(NGB)**

## ဒိုနိုဗန်၏ နိုင်ငံတကာ ဂိုးဖန်တီးမှု အများဆုံးစံချိန်အား မက်ဆီလိုက်မီ

**လန်ဒန် နိုဝင်ဘာ ၂၀**

အာဂျင်တီးနားလက်ရွေးစင်အသင်းတိုက်စစ်မှူး မက်ဆီသည် အမေရိကန်ဂန္ထဝင် တိုက်စစ်မှူး ဒိုနိုဗန်၏ နိုင်ငံတကာပွဲ ဂိုးဖန်တီးမှု အများဆုံးစံချိန် (၅၈ ကြိမ်)အား လိုက်မီနိုင်ခဲ့ပြီ ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်) ခြေစစ်ပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းက ပီရူးအသင်းအား တစ်ဂိုး၊ ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် မာတီနက်ဇ် သွင်းယူသော သွင်းဂိုးအား ဂိုးဖန်တီးမှု ပြုလုပ်ပေးခဲ့ပြီးနောက် ကစားသမားဘဝ ဂိုးဖန်တီးမှု ၅၈ ကြိမ် ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၅မှ ၂၀၂၄ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၉၁ပွဲ ကစားကာ ၁၁၂ ဂိုးထိ သွင်းယူထားသည်။

အသက်(၃၇)နှစ်အရွယ်ရှိ မက်ဆီက 'အခုလို ဒိုနိုဗန်၏ နိုင်ငံတကာဂိုးဖန်တီးမှု စံချိန်အား လိုက်မီခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



# မွေးမြူရေးနှင့် စိုက်ပျိုးရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အဆင့်မြင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှုစစ်ဆေး



**မင်းဘူး နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ မွေးမြူရေးနှင့် စိုက်ပျိုးရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအဖြစ် အသားတိုးကြက် စီးပွားဖြစ် မွေးမြူရေးခြံလုပ်ငန်းများနှင့် အဆင့်မြင့် လယ်ယာမြေ စံပြစိုက်ခင်းတို့ကို ဖော်ဆောင် စိုက်ပျိုးထားရှိရာ အဆိုပါလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုင်ဘာ ၁၉ ရက် နံနက်ပိုင်းက သွားရောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများသည် မင်းဘူး (စကု) မြို့နယ် ကုန်းသာ-တောင်မန်း လမ်းဘေးရှိ မွေးမြူရေးခြံပိုင်ရှင် ဦးဝင်းငြိမ်းသူ၏ အသားတိုးကြက် မွေးမြူရေးခြံသို့ ရောက်ရှိပြီး အသားတိုးကြက်များ မွေးမြူထားရှိမှု၊ အသားတိုးကြက် မွေးမြူရေးခြံအတွင်း လုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကိုင်းတောလေးကျေးရွာ အရှေ့ကွင်းရှိ ကွင်းအမှတ်(၁၂၈၄)တွင် မြို့နယ်အတွင်း၌ ပထမဆုံး ဖော်ဆောင်ထားသော တောင်သူဒေါ်သန်းသန်းဌေး၏ အဆင့်မြင့် လယ်ယာမြေ စံပြစိုက်ခင်း ၁၃ ဒသမ ၇၃ ဧက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆင်ခေါင်း၊ ကိုင်းတောကြီးနှင့် ကိုင်းတောလေးကျေးရွာတို့မှ ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးနည်းစနစ် မှန်ကန်စွာဖြင့် စိုက်ပျိုးကြရန် အထူးလိုအပ်မည်ဖြစ်ပါကြောင်း၊ သီးနှံများကိုလည်း စတင်စိုက်ပျိုးပြီးချိန်မှစ၍ အပင်ဖြစ်ထွန်းမှုအဆင့်ဆင့်အလိုက် လိုအပ်သော ပြုပြင်မှုများကို ဆောင်ရွက်နိုင်မှသာ နည်းစနစ်မှန်ကန်ပြီး သီးနှံအရည်အသွေးကောင်းမွန်ကာ ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် ယခုလို အဆင့်မြင့် လယ်ယာမြေ စံပြစိုက်ခင်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဌာနများက လိုအပ်သော နည်းပညာများနှင့် စိုက်ပျိုးရေးသွင်းအားစုများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယာမြေများကို ရိုးရိုးသာမန်(ပုံမှန်)အတိုင်း စိုက်ပျိုးခြင်းထက် ယခုလို အဆင့်မြင့် လယ်ယာမြေအဖြစ် ပြောင်းလဲပုံဖော်ပြီး စိုက်ပျိုးဆောင်ရွက်ပါက မိုးစပါးစိုက်ခင်းများအပြင် အခြားသီးနှံမျိုးစုံကိုလည်း နှမ်း၊ မိုး၊ ဆောင်း ရာသီမရွေး စိုက်ပျိုးနိုင်မည်ဖြစ်ကာ ဒေသခံတောင်သူများအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
(၅၀၀)

၀-၀-၀-၀-၀-၀-၀



# ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး တိုက်ကျွေးခြင်းဆိုင်ရာ အသိပညာပေးညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းဆိုင်ရာ အသိပညာပေး ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသင်းသင်းအိက ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်၍ ပြောကြားခြင်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငြိမ်းချမ်းက ပြင်းထန် ဝမ်းပျက်ဝမ်းလျှော (OCV) ကာကွယ်ဆေးတိုက်ကျွေးရေးနှင့် ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်အား ရှင်းလင်းပြောကြားခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအိအိဖြိုးအောင်က ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(OCV) ကာကွယ်ဆေး ဆောင်ရွက်မည့်အစီအစဉ်အား Power Point ဖြင့် ရှင်းလင်းတင်ပြခြင်း၊ ဌာနဆိုင်ရာများမှ သိရှိလိုသည့် မေးမြန်းချက်များအား တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ရဲသူရ ဝဏ္ဏစိုးအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး၊ ခရိုင်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ပြည်သူ့ဆေးရုံ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးထံက သိရသည်။

(အပေါ်ပုံ)

**သွေးသွေး(ခရိုင်/ပြန်ဆက်)**

၀-၀-၀-၀-၀-၀-၀



# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ အိန္ဒိယသို့ မတ်ပဲတန်ချိန် ၅ သိန်းအထိ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်နေ

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တစ်နှစ်ကို မတ်ပဲတန်ချိန် ၂ သိန်းခွဲတင်ပို့နေရာမှ လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅ သိန်းအထိ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲမျိုးစုံကို အိန္ဒိယနိုင်ငံသို့ တင်ပို့မှုမှာ နှစ်နိုင်ငံ MoU ရေးထိုး၍ တင်ပို့နေတာဖြစ်ပြီး ပင်လယ်ရေကြောင်း ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့နေခြင်း ဖြစ်သည်။

လက်ရှိမှာ ပြည်တွင်းမှ ပဲထွက်ရှိသည့်နှုန်းနှင့် ပြည်ပဝယ်လိုအားကို လိုအပ်သလို ဆောင်ရွက်နေပြီး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေခြင်း ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် ပဲစင်းငုံအဝယ်များနေသလို အိန္ဒိယနိုင်ငံကတော့ မတ်ပဲ အဝယ်များတာကြောင့် တိုးမြှင့်တင်ပို့သွားနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်း ဖြစ်သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ ခုနစ်လအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် စုစုပေါင်းတန်ချိန် ၂ ဒသမ ၉၈ သန်းရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း၏ စာရင်းဇယားများအရ သိရသည်။

မြန်မာနိုင်ငံအောက်ပိုင်းတွင် မတ်ပဲကို မိုးစပါးရိတ်သိမ်းအပြီး ဆောင်းသီးနှံအဖြစ်စိုက်ပျိုးသလို အထက်ပိုင်းတွင် ဆောင်းသီးနှံအပြင် နွေရာသီတွင် ရေသွင်းစိုက်ပျိုးကြကြောင်း သိရသည်။

**ရွှေမန်း**

# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာအုပ်ပြပွဲများ ကျင်းပ

**စဉ့်ကိုင် နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club )အဖွဲ့တို့ ပူးပေါင်း၍ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စာအုပ်ပြပွဲကို မြို့နယ်လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ကျောင်းသား၊ ကျောင်းသူများ စာပေနှင့်ထိတွေ့၍ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့် စိတ်များပေါ်ပေါက်လာကာ စာပေဖတ်ရှုခြင်းဖြင့် အတွေးအမြင်ဗဟုသုတများ ပိုမိုကြွယ်ဝလာစေရန်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်စေရန်၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာဖတ်စွမ်းရည်များ တိုးတက်လာစေရန်၊ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာစေရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် သွက်လက်ထက်မြက်သော ကလေးများ ဖြစ်ပေါ်လာစေရေးတို့ကို ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲများကို ကျင်းပခဲ့ရာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးတို့က စာစီစာကုံးပြိုင်ပွဲတွင်လည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးတို့က ပန်းချီပြိုင်ပွဲတွင်လည်းကောင်း အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက အဆိုပါ ဦးစီးဌာနအတွင်း ပြသထားသော သုတ၊ ရသစုံလင်သည့် စာအုပ်စာစောင်များကို စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**ကျော်စွာ(စဉ့်ကိုင်)**

၀-၀-၀-၀-၀-၀-၀





## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသော ဆက်စပ်သူများနှင့် ပတ်ဝန်းကျင်နေအိမ်များအား ဆေးဖျန်း၊ဆေးခတ်ခြင်းဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ စံပြအကွက်၊ ၃၅Aလမ်း၊ ၆၈လမ်းနှင့် ၆၉လမ်းကြား၊ အိမ်အမှတ် (၃၉/၂၅)တွင် နေထိုင်သူ ဦးစောနိုင်နှင့် မငယ်ငယ်ထွေးတို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေကြောင်း သိရသဖြင့် နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲက မဟာအောင်မြေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းခိုင်၊ တိုင်းဒေသကြီး ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာရန်နိုင်ဦး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာချောချောနိုင်၊ ဆရာမကြီး ဒေါ်မြမြလေးနှင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦး၊ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများ ပါဝင်သော အဖွဲ့သည် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားနေသော လူနာနှင့် ဆက်စပ်သူများနှင့် ပတ်ဝန်းကျင်အိမ်ခြေ ၅၀ ကျော်အား ဆေးဖျန်း၊ ဆေးခတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄ဝ)

# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်

## အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**အမရပူရ နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင် အမရပူရမြို့နယ်တွင် မြို့နယ်အဆင့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ကျောင်းဆောင်များတွင် ကျင်းပပြုလုပ်သည်။

ပြိုင်ပွဲများကျင်းပရာတွင် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "အမျိုးဂုဏ် ဇာတိဂုဏ်မမေ့ဖို့ အမျိုးသားနေ့ ကျင်းပစို့"၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "အမျိုးသားနေ့နှင့် မျိုးချစ်စိတ်ဓာတ်"၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "အမျိုးသားနေ့၏ အားမာန်"၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "စည်းလုံး ချစ်ကြည် အမျိုးသားညီ"၊ အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် "အမျိုးသားနေ့မှ ငြိမ်းချမ်းသော ပြည်ထောင်စုကြီးဆီသို့"၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် "အမျိုးသားနေ့ တို့မမေ့"စသည့် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါ စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို အမရပူရမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲများတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူ ၂၇ ဦး၊ အထက်တန်း၊ အလယ်တန်း ကဗျာပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးနှင့် အထက်တန်း၊ အလယ်တန်း ပန်းချီပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများအလိုက် ထူးချွန်သူများကို အမျိုးသားအောင်ပွဲနေ့အခမ်းအနားနှင့် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်တွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**စိုးသီဟ(အမရ)**

## (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ပုံပြင်ပြောပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ပုံပြင်ပြောပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ပုံပြင်ပြောပြိုင်ပွဲတွင် မြို့နယ်စာရေးဆရာ အသင်းမှ စာရေးဆရာရွှေညာမြေ မြတ်သင်းကြိုင်က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသူ၊ ကျောင်းသား ၁၂ ဦးက ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ ဦးစီးအရာရှိ ဒေါ်မာလာဆွေဝင်း၊ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်၊ စာရေးဆရာမြင့်မားအောင်နှင့် စာရေးဆရာကိုသစ္စာ (ထီလာ) တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ အဆိုပါ ပုံပြင်ပြောပြိုင်ပွဲအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၅၃)





## နာဂဒေသထွက် ကျောက်ကြမ်းပိုးများ တရုတ်နိုင်ငံမှ ဈေးကောင်းပေးဝယ်ယူလျက်ရှိ

နာဂဒေသတွင် ဆောင်းတွင်းကာလထွက် ကျောက်ကြမ်းပိုးများကို တရုတ်နိုင်ငံမှ ဈေးကောင်းပေး ဝယ်ယူလျက်ရှိကြောင်း ထန်ပါခွေဒေသခံများထံက သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ထန်ပါခွေမြို့တွင် ဆောင်းတွင်းကာလ ရာသီပေါ်ဖြစ်သော ကျောက်ကြမ်းပိုး ရောင်းသူ၊ ဝယ်သူများဖြင့် တစ်ပိုင်တစ်နိုင် မိသားစု ဝင်ငွေရရှိလျက်ရှိပြီး ကျောက်ကြမ်းပိုး ၁၀ သားလျှင် ငွေကျပ် ၃၆၀၀၀ ရရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀၀၀ ရရှိသည်။ ကျောက်ကြမ်းပိုးကို လဟယ်၊ ခန္တီး၊ နန်းယွန်း၊ ပန်ဆောင်မြို့ ကိုယ်စားလှယ်များက လာရောက် ဝယ်ယူလျက်ရှိပြီး ကျောက်ကြမ်း ပိုးများရှိရာ နန်စလိန်ချောင်းကမ်းပါးအနီးတစ်ဝိုက်တွင် ကျောက်ကြမ်းပိုးရှာသူများဖြင့် စည်ကားလျက်ရှိသည်။ နာဂဒေသ၊ ထန်ပါခွေမြို့ ဒေသခံပြည်သူလူငယ်များက ကျောင်းပိတ်ချိန်နှင့် တောင်ယာနားချိန်၊ အားလပ်ချိန်များတွင် ကျောက်ကြမ်းပိုးရှာဖွေကြခြင်းဖြစ်ပြီး ထန်ပါခွေမြို့တွင် တစ်နှစ်တစ်ခေါက် ဆောင်းတွင်းတွင်သာ ရသည့်ရာသီပေါ် ကျောက်ကြမ်းပိုးကို ရှာဖွေရရှိနိုင်ခြင်း ဖြစ်သည်။

ယခင်၄နှစ်ခန့်က ကျောက်ကြမ်းပိုး နို့ဆီတစ်ဘူးလျှင် ငွေကျပ် ၅၀၀၀မှ ၇၀၀၀အထိ ဈေးရှိခဲ့ရာမှ ပြီးခဲ့သည့်နှစ်က နို့ဆီတစ်ဘူးလျှင် ငွေကျပ် ၁၀၀၀၀မှ ၁၅၀၀၀အထိ ပေါက်ဈေးရခဲ့ကြောင်း ကျောက်ကြမ်းပိုး ရှာသူထံက သိရသည်။

ကျောက်ကြမ်းပိုးကို ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံမှ စတင်ဝယ်ယူပြီးနောက် ဈေးကောင်းရလာခြင်းဖြစ်ပြီး ယခင်က ကျောက်ကြမ်းပိုးနို့ဆီတစ်ဘူးလျှင် ငွေကျပ် ငါးရာခန့်သာ ရှိသည်။

ကျောက်ကြမ်းပိုးကောင်များကို ဆေးဖော်စပ်ရန် တရုတ်နိုင်ငံက ဈေးကောင်းပေးဝယ်ယူနေခြင်းဖြစ်ပြီး လူသူအရောက်အပေါက်နည်းသော ချောင်းများ၊ ချောင်းစပ် ကျောက်ကြိုကျောက်ကြားများတွင် တွေ့ရသည်။ ကျောက်ကြမ်းပိုးများကို နံနက်ပိုင်းတွင် ကျောက်ခဲများ အောက်တွင် ရှာဖွေကြရပြီး ညနေပိုင်း ကျောက်ကြမ်းပိုးအစာရှာထွက်ချိန်တွင် ဝါး၊ ခြင်ထောင်၊ ဆန်ခါ၊ ခြင်း၊ ရိုက်တံရှည်များဖြင့် ဖမ်းလေ့ရှိကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၉၄)

o-o-o-o-o-o-o



## လက်ရှိဘဏ္ဍာနှစ် ခုနစ်လတာအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန် နှစ်သိန်းကျော်တင်ပို့နိုင်

ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ လက်ရှိဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ခုနစ်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန် နှစ်သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၃၁ရက်အတွင်း ပြည်ပသို့ ရေထွက်ကုန်ငါးတင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၉၈၄၈၀ ဒသမ ၆၂၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၅၃၁ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၀၂၀၃၁ ဒသမ ၇၀၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၉၄၂ သန်း စုစုပေါင်း ရေထွက်ကုန် မက်ထရစ်တန် ၂၀၀၅၁၂ ဒသမ ၃၂၃ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၄၇၃ သန်း ရရှိခဲ့သည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက ပြည်ပသို့ ရေထွက်ကုန်ငါး တင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၁၄၇၁၈၅ ဒသမ ၂၂၉ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၉၀၃ သန်း ရရှိခဲ့သည်။မြန်မာနိုင်ငံမှ ရေထွက်ကုန်များကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဂျပန်နိုင်ငံစသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိသည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက် တင်ပို့လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



## ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်နှင့် ငှက်ပျောဖက်များ ဖြန့်ဝေ

**အထက်မင်းလှ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ ဇေယျာသီရိဈေးတွင် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား၊ ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေးအသိပညာပေးလက်ကမ်း စာစောင်နှင့်ငှက်ပျောဖက်များ ဖြန့်ဝေပေးခြင်းကို နိုဝင်ဘာ ၁၉ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်၊ ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ငှက်ပျောဖက်များအခမဲ့ဖြန့်ဝေပေးခဲ့ပြီး၊ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေးအသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြောခြင်းကို ကွင်းဆင်းဆောင်ရွက်

**ပင်လုံ နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၁ နာရီ ၃၀ မိနစ်က အမက ကျူရုံး(မြို့)ကျောင်းသို့ သွားရောက်ပြီး အသိပညာပေးလုပ်ငန်းနှင့်စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြောခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အိမြတ်နိုးသူက ကျောင်းသား၊ ကျောင်းသူလေးများအား ကျောင်းစာများအပြင် ပြင်ပဗဟုသုတများရရှိစေရန်၊ စာအုပ်စာပေများ လေ့လာဖတ်ရှုခြင်းကြောင့် အသိပညာဗဟုသုတများရရှိစေရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို ဟောပြော၍ ပုံပြင်ပြောခြင်း၊ ကျောင်းသား၊ ကျောင်းသူလူငယ်များအား စိတ်ကူးစိတ်သန်းကောင်းများနှင့် ကာယ၊ ဉာဏများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အပြန်အလှန်မေးခွန်းများ မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက်မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စကားဝါမှ တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းနှင့် ရာသီအလိုက် ဖြစ်ပေါ်တတ်သော ရောဂါများအကြောင်း ရှင်းလင်းပြောကြား၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ ကွင်းဆင်းကုသပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍ အဆိုပါကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များ၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်နံရံကပ်စာစောင်များ၊ မြို့နယ်လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ ပြသဆောင်ရွက်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀



## ဆောင်းပဲမျိုးစုံစိုက်ပျိုးဧက ၆၄၈၅ ဧက သတ်မှတ်လျာထားရာမှ ဆောင်းပဲမျိုးစုံ စိုက်ဧက ၁၁၄၁ ဧက စိုက်ပျိုးပြီး

**မိတ္ထီလာ နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဆောင်းပဲမျိုးစုံစိုက်ပျိုးဧက ၆၄၈၅ ဧက သတ်မှတ်လျာထားရာမှ ဆောင်းပဲမျိုးစုံ စိုက်ဧက ၁၁၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဆောင်းသီးနှံစိုက်ပျိုးရာတွင် ပဲမျိုးစုံစိုက်ပျိုးဧက ၆၄၈၅ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထား စိုက်ဧကများ ပြည့်မီအောင် ဆောင်းသီးနှံဖြစ်သည့် ပဲတီစိမ်း၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲကြားနှင့် အခြားပဲများကို အောက်တိုဘာလမှ စတင်၍ စိုက်ပျိုးလျက်ရှိရာ နိုဝင်ဘာ ၁၅ ရက်အထိ ထောပတ်ပဲစိုက်ပျိုးဧက ၃၀၄ ဧက၊ ကုလားပဲစိုက်ပျိုးဧက ၃၀၆ ဧက၊ ပဲကြားစိုက်ပျိုးဧက ၄၄၅ ဧကနှင့် အခြားပဲ ၈၆ ဧက စုစုပေါင်း ၁၁၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ပဲတီစိမ်း၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲကြားနှင့် အခြားပဲစသည့် ပဲမျိုးစုံကို ဒေသတွင်းစားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားရေးအတွက် သတ်မှတ်လျာထားစိုက်ဧက ပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ကွင်းတာဝန်ခံများက သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးနှင့် ပိုးမွှားရောဂါကြိုတင် ကာကွယ်ရေးစသည့် စိုက်ပျိုးရေးလုပ်ငန်းများကို ဒေသခံတောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၄၆၉)**

## ဆောက်လုပ်ရေးအင်ဂျင်နီယာ(အငြိမ်းစား)လူမှုကူညီရေးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကျင်းပ၊ အငြိမ်းစားများအား ဆန်ဆီထောက်ပံ့မည်

**မန္တလေး နိုဝင်ဘာ ၂၀**

ဆောက်လုပ်ရေးအင်ဂျင်နီယာ (အငြိမ်းစား) လူမှုကူညီရေးအဖွဲ့ ဒုတိယအကြိမ် အစည်းအဝေးကို အောင်မြေသာစံမြို့နယ် ၁၉ လမ်းရှိ ကမ္ဘာ့ဇောက်အစည်းဝေးခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ဆောက်လုပ်ရေး အင်ဂျင်နီယာ(အငြိမ်းစား) အဖွဲ့ဥက္ကဋ္ဌအင်ဂျင်နီယာမှူးကြီး (ငြိမ်း) ဦးခင်မောင်တင့်နှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး လက်ထောက်အင်ဂျင်နီယာနှင့်အောက်ဝန်ထမ်း အငြိမ်းစားများအား ဆန် ၁၂ ပြည် စားသုံးဆီနှစ်လီတာစီအား ထောက်ပံ့ရန် ဆွေးနွေးခဲ့သည်။

အငြိမ်းစားဝန်ထမ်းများအား နိုဝင်ဘာ ၂၂ ရက်က အောင်မြေသာစံရုံးတွင် ၁၀၈ ဦး၊ အုတ်စက်ခမ္မာရုံတွင် ၁၁ဦး၊ ပုသိမ်ကြီးမြို့နယ်ရုံးတွင် ၁၆ ဦးနှင့် အိုးအိမ်မှ ဝန်ထမ်းအငြိမ်းစား ၁၃၅ ဦးအား လည်းကောင်း နိုဝင်ဘာ ၂၃ ရက်တွင် ယန္တရားတပ်ခွဲနှင့် ယန္တရားအလုပ်ရုံမြောက်မှ အငြိမ်းစားဝန်ထမ်း ၁၁၃ ဦး ချမ်းမြသာစည်၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်၊ အမရပူရမြို့နယ် တံတားအထူးအဖွဲ့၊ အဆောက်အဦးလျှပ်စစ်အလုပ်ရုံမှ အငြိမ်းစားဝန်ထမ်း ၂၁၅ ဦး တို့အား ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၄၅)**



## စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အသိပညာပေး Talk Show ပညာပေး ရိုက်ကူး

**ညောင်ဦး နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် လူထုအခြေပြုဗဟိုဌာန၌ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အသိပညာပေး Talk Show အစီအစဉ်ကို နိုဝင်ဘာ ၁၉ ရက်၊ နံနက် ၁၀ နာရီက ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်သူဇာစိုးနှင့်ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးသီဟဇော်တို့ ဆွေးနွေးပွဲရိုက်ကူးထုတ်လွှင့်ခဲ့သည်။

အဆိုပါ Talk Showပညာပေးဆွေးနွေးပွဲတွင် စွန့်ပစ်ပစ္စည်းဆိုတာဘာယ်လိုအရာတွေလဲ၊ စွန့်ပစ်ပစ္စည်းတွေဟာ ဘယ်လိုနေရာတွေကနေ အဓိကထွက်ရှိနေသလဲ၊ မြန်မာနိုင်ငံအတွင်း စွန့်ပစ်ပစ္စည်းရှိမှုအခြေအနေ၊ စွန့်ပစ်ပစ္စည်းတွေကြောင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုနှင့် ထွက်ရှိမှု လျှော့နည်းအောင် စီမံခန့်ခွဲနိုင်မှုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရဲ့လက်ရှိ ဆောင်ရွက်လုပ်ကိုင်မှုများကို မေးမြန်းဆွေးနွေးခဲ့သည်။

**မေး၊** စွန့်ပစ်ပစ္စည်းတွေဟာ ဘယ်လိုဟာတွေ ခေါ်ဆိုပါသလဲ။

**ဖြေ၊** စွန့်ပစ်ပစ္စည်းဆိုသည်မှာ လူသားတို့ အသုံးမလို၍ စွန့်ပစ်လိုက်သော အရာအားလုံးကို ဆိုလိုပါတယ်။ ဥပမာ အစိုင်အခဲ၊ အရည်၊ အငွေ့တို့ဖြစ်ပြီး၊ စီမံခန့်ခွဲခြင်းဆိုတာကတော့ စွန့်ပစ်အမှိုက်တွေကို ဘယ်လိုပြန်လည်အသုံးပြုနိုင်မလဲ။ ဘယ်လိုမျိုးနည်းလမ်းနဲ့ ပတ်ဝန်းကျင်ထိခိုက်မှုနည်းအောင် စွန့်ပစ်မလဲဆိုတဲ့အချက်တွေအပေါ်မှာ စီမံခန့်ခွဲခြင်းဖြစ်ကြောင်း ရှင်းပြသည်။

**မေး ၊** စွန့်ပစ်ပစ္စည်းတွေက ဘယ်လိုနေရာတွေက အဓိကထွက်ပါသလဲ။

**ဖြေ၊** စွန့်ပစ်ပစ္စည်း အဓိကထွက်ရှိတဲ့နေရာတွေကတော့ မြို့တော်ဧရိယာစက်မှုလက်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ထွက်ရှိခြင်းဖြစ်ပြီး၊ မြို့တော်ဧရိယာဖြစ်သည့် အိမ်၊ ရုံး၊ ကျောင်း၊ ဈေးတို့မှစားကြွင်းစားကျန်များ၊ မိလ္လာအညစ်အကြေးများ၊ သစ်ရွက်စို၊ သစ်ရွက်ခြောက်အမှိုက်များနှင့်အထွေထွေစွန့်ပစ်ပစ္စည်းများ ထွက်ရှိကြကြောင်း၊ စက်မှုလက်မှုလုပ်ငန်းများမှ ပလတ်စတစ် အမှိုက်အပိုင်းအစများ၊ ပါကင်ပိတ်ပစ္စည်းအမျိုးမျိုး၊ ရက်လွန်ဓာတုပစ္စည်းများ၊ စွန့်ပစ်ရေဆိုးရေညစ်များနှင့်မီးခိုးဖုန်မှုန့်များ ထွက်ရှိပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ တိရစ္ဆာန်အညစ်အကြေးများ၊ စပါးခွံ၊ ကြံဖတ်၊ ပိုးသတ်ဆေးဘူးခွံများနှင့်ဓာတ်မြေဩဇာအိတ်ခွံများ၊ ထွက်ရှိကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ကွန်တိန်နာအပျက်အစီး၊ အထွေထွေစွန့်ပစ်အမှိုက်များ၊ စက်ဆီ၊ ချောဆီယိုစိမ့်မှုများ၊ ဖုန်နှင့်အမှုန်အမွှားများထွက်ရှိကြောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၄၈၁)**



## မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေး၊ အောင်မြေသာစံခရိုင်၊ ဥပုတ်တော်ရပ် မန္တလေးတောင်ပတ်လမ်းရှိ ဇိနောဒယ သီလရှင်စာသင်တိုက်ကြီးတွင် ဆရာကြီးက ဒေါ်စရဏာဉာဏီ ဦးဆောင်လျက် မဟာပဋ္ဌာန်း ကျမ်းမြတ်တော်ကြီး ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပသည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှစတင်၍ (၂၄)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပပြီး နေ့စဉ်ဆွမ်းအလှူရှင်များနှင့် ဒေါက်တာဦးအုန်းသွင် + ဒေါက်တာဒေါ်ခင်စန်းနွဲ့၊ (သား)ကိုအောင်ဇော်လင်း+မနန္ဒာအေးမြင့် မိသားစုတို့က သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို သံဃာတော်တို့အား ဆက်ကပ်လှူဒါန်း ပူဇော်ကြပြီး ပဋ္ဌာန်းအောင်ပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၄၀)**

## သီလရှင်ဆရာလေးများအား အပတ်စဉ်အဝေးဖိတ်၊ အနီးဖိတ်များတွင် ဆွမ်း၊ ဆွမ်းဟင်းများ ဆက်ကပ်လှူဒါန်း



**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မဟာသကျသီဟဘုရားဝင်းအတွင်း၌ အပတ်စဉ် အဝေးဖိတ်၊ အနီးဖိတ်ရက်တို့တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ မဟာဗောဓိဝေယျာဝစ္စအဖွဲ့မှ သီလရှင်ဆရာလေးများအား ဆွမ်း၊ ဆွမ်းဟင်းများ ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း အဆိုပါဝေယျာဝစ္စအဖွဲ့ ဦးဆောင်သူတစ်ဦးထံက သိရသည်။

အဆိုပါဝေယျာဝစ္စအဖွဲ့မှ သီလရှင်ဆရာလေးများ အပတ်စဉ် အဝေးဖိတ်နှင့် အနီးဖိတ် ဆွမ်း၊ ဆွမ်းဟင်းများ ကုသိုလ်ယူ ဆက်ကပ်လှူဒါန်းဆောင်ရွက်နေကြောင်း၊ မဟာဗောဓိဝေယျာဝစ္စအဖွဲ့သည် ရပ်နီး၊ ရပ်ဝေး အလှူခံမထွက်ရှိကြောင်း၊ သီလရှင်ဆရာလေးများအား ဆွမ်း၊ ဆွမ်းဟင်းဆက်ကပ်လျက်ရှိသည့် အဝေးဖိတ်နှင့် အနီးဖိတ်ရက်များသို့ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် စေတနာရှင်၊ ကုသိုလ်ရှင်၊ ပါရမီအလှူရှင်များအား ဖိတ်ခေါ်လျက်ရှိပါကြောင်းနှင့် မဟာဗောဓိဝေယျာဝစ္စအဖွဲ့သို့ ကုသိုလ်ယူလှူဒါန်းလိုပါက အလုပ်အမှုဆောင်အဖွဲ့များ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များဖြစ်ကြသော ၀၉-၄၀၂၀၃၄၆၂၁၊ ၀၉-၅၃၄၁၄၃၉၊ ၀၉-၇၉၈၅၇၉၃၀၇နှင့်၀၉-၄၀၂၆၀၃၁၆၉ များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၀၅၃)**

## ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး OCV တိုက်ကျွေး

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်ချက်အရ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိရပ်ကွက် အကွက်(၅၃၇)၌ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက ရပ်ကွက်နေပြည်သူအသက် တစ်နှစ်အထက် ကလေးလူကြီးများအား ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး OCV တိုက်ကျွေးခဲ့သည်။

အဆိုပါဆေးတိုက်ကျွေးရာတွင် မဟာအောင်မြေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးတင်ဖြိုးအောင်နှင့်အဖွဲ့၊ ရတနာဘုမ္မိအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်မြ၊ ရာအိမ်မှူး ဦးကျော်စိန်နှင့် ရာအိမ်မှူးများက ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး OCV တိုက်ကျွေးခဲ့ပြီး ဆေးတိုက်ကျွေးပြီး မိနစ် ၃၀အတွင်း ရေသောက်ခြင်းမပြုရန်၊ တစ်နာရီအတွင်း အစားအသောက်စားသုံးခြင်းမပြုရန် ကျန်းမာရေးအသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၇)**






**သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မန္တလာပုံရိပ်

\- - - - - -

* မင်းဝံတောင်ခြေ ရောရေ
မန်းမြေဆိပ်ကမ်း တာရိုးလမ်း
မရမ်းခြံအိမ် ဥယျာဉ်သိမ်
ဂေါဝိန်ဈေးခင်း သင်္ဘောကျင်း
မြစ်မင်းအနောက် ရှိတယ်လေး
ရစ်ဆင်းသလောက် ကြည့်တယ်လေး။
* ဘိုးဘွားရိပ်သာ မြောက်ဘက်မှာ
မဟာမုနိတောင်ဘက်ရှိ
သတိရလျှင် နာရီစင်
ရှင်ပင်ပက်လက် ရေတစ်စက်
နေတက်မှာပင် အေးတယ်လေး
ရွှေမျက်နှာပြင် သေးတယ်လေး။
* နန်းတော်ရှေ့ဝယ် အောင်ပင်လယ်
တောင်စွယ်ရန်ကင်း ငါးရံ့မင်း
လယ်ဆင်းပျိုဖြူ မင်းကန်သူ
နေပူမပန်း တံခွန်စမ်း။
မြောင်းကမ်းစီးရေ ကျတယ်လေး
* တောင်တန်းကြီးတွေ လှတယ်လေး။
တောင်သမန်မြေ တံတားရှည်
အင်းရေတစ်ဝိုက် စာသင်တိုက်
ဦးခိုက်ဖူးမြော် ပုထိုးတော်
လေ့လော်ရေပက် ရွှေကြက်ယက်
ရေတက်သလို စီးတယ်လေး
ရွှေတက္ကသိုလ် နီးတယ်လေး။
* ကျွန်တော် ကျွန်တော် စကားခေါ်
နန်းပျော်တစ်ယောက် ကျုံးရေသောက်
တော်ကောက်ပျိုဖြူ ဈေးချိုသူ
နေပူမညည်း စက်ဘီးစီး
ဆံမြီး နွယ်စ ထုံးတယ်လေး
ပြန်ပြီး လည်ပြ ပြုံးတယ်လေး။
* မန္တလေးတောင် မြွေနှစ်ကောင်
ဥသျှောင်ရွှေထီး ကျောက်တော်ကြီး
ဆီမီးပူဇော် ကုသိုလ်တော်
ဖိတ်ခေါ်အလျဉ်း ပျိုတစ်သင်း
ရွှေကွင်းကွပ်လို့ ဆင်တယ်လေး
ခြေချင်းဝတ်လို့ ယဉ်တယ်လေး။ ။

ဇော်ဝင်း(မဇ္ဈိမ)

# သတင်းပဒေသာ

## ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဟုမ္မလင်းမြို့၊ အထက(၁) ဘိုးရာဇာခန်းမတွင် ကျင်းပရာ ခရိုင်ပညာရေးမှူး ဦးချစ်ငွေက အဖွင့်အမှာစကားပြောကြားသည်။ ခရိုင်ဥပဒေအရာရှိ ဦးထွန်းလင်းက အခြေခံကျောင်းများတွင် ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံအားဖြင့် သိရှိနားလည်းရန်လိုအပ်သည့် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက ဆောင်ရွက်ခဲ့သည်။

လွတ်လက်ရေးနေ့အထိမ်းအမှတ်အဖြစ် လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် ဒီဇင်ဘာ ၂၇ ရက်မှစတင်ပြီး မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် စကားပုံဆက်ပြိုင်ပွဲနှင့် အထက်တန်းအဆင့် ကျပန်းပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြူလှိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးလေးယုက တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် ကျရောက်မည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲ ပြုလုပ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ပြည်သူများ အသိပညာဗဟုသုတရရှိပြီး စာဖတ်သောအလေ့အကျင့်ကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) တွင်နိုဝင်ဘာ ၁၉ရက် မွန်းလွဲပိုင်းက ကျင်းပသည်။ ပြပွဲတွင် ပြည်သူများ ဗဟုသုတရဖွယ် သုတစာအုပ်များ၊ ကလေးများ ကြိုက်နှစ်သက်သည့် ရုပ်ပြစာအုပ်များ ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ခဲ့ကြောင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြပွဲ၊ ပြိုင်ပွဲများ၊ နယ်လှည့်လုပ်ငန်းများအပြင် အွန်လိုင်းမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများကို ရိုက်ကူးထုတ်လွှင့် တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၀**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကောသဝ(ဓမ္မာစရိယ၊ B.A) ထံက ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ခြင်းကို နာယူကြည်ညိုကြပြီး အလှူရှင် မန္တလေးမြို့နေ ဦးအောင်ဇော်ဦး+ဒေါ်သန္တာငြိမ်း၊ (သား)မောင်သူရိန်ထက်၊ (သမီး)မဝိုင်းဝိုင်းချစ် မိသားစုက မဝိုင်းဝိုင်းချစ်၏ မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၄၅ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ငါးသိန်း၊ စုစုပေါင်း ငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များနေ့ဆွမ်းကပ်ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၃၆)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ကန်တော်ကြီး-ကန်ပတ်လမ်းတွင် အောင်မြေသာစံမြို့နယ်၊ အ.လ.က(၄)ကျောင်း သူငယ်ချင်းနှစ်ဦးဖြစ်သော ဒေါ်သန်းသန်းညွန့်၊ ဒေါ်သိန်းသိန်းမြင့်တို့မှ ဆေးပဒေသာပင် ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကဆ)



## မိုးပေါ်ကျကထိန်အတွက် လှူဒါန်းကုသိုလ်ပြု

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေး၊ နယ်စပ်တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခအဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သော (၁၇)ကြိမ်မြောက် ကထိန်ဖြစ်မြောက်ရေးအဖွဲ့သည် ကထိန်မရရှိသော တစ်ပါးကျောင်းများသို့ တစ်ပါးလျှင် ငွေကျပ် ခြောက်သောင်းဖြင့် လှူဒါန်းကြရာ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဦးမောင်မောင်လွင်က ကထိန်ပဒေသာပင် တစ်ပင်နှင့်အတူ မိုးပေါ်ကျတစ်ပါးစာ စုပေါင်း၍ ငွေကျပ် တစ်သိန်းခုနစ်သောင်းကျပ်ကို ယမန်နေ့က လာရောက်လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး)ဥက္ကဋ္ဌကိုယ်စား မွန်ပြည်နယ်၊ အသင်းခွဲဥက္ကဋ္ဌဦးမြင့်စန်းနှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ အလားတူ မန္တလေးမြို့နေ အလှူရှင် နှစ်ဖက်မိဘတို့အားရည်စူး၍ ဦးစောဦး+ဒေါ်အေးအေးမြင့်၊ (သား)ရဲမြင့်ဦး၊ တင်ထားဦး မိသားစုက မိုးကျတစ်ပင်၊ မန္တလေး၊ စက်မှုမြို့သစ်နေ ဦးကျော်လင်း+ဒေါ်နီလာခိုင်မောင် မိသားစုက မိုးကျတစ်ပင်၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ ကိုသန့်စင်ဝင်း+ဒေါက်တာခိုင်သဥ္ဇာထွန်း၊ (သမီး)မရွှန်းလဲ့ရည်ဝင်း မိသားစုက မိုးကျတစ်ပင်၊ မန္တလေး၊ အမရပူရနေ ဦးတင်ထွန်းအောင်+ဒေါ်ရွှေသိန်းမော်၊ (သမီး)အောင်ငုဝါမော်၊ အောင်ထက်ထက်မော် မိသားစုက မိုးကျသုံးပင်၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ ဦးစိုးနိုင်+ဒေါ်မိမိခိုင် မိသားစုက မိုးကျတစ်ပင်၊ မန္တလေးမြို့နေ ကိုထွန်းနိုင်လင်း(အစ်မ) မစိုးစိုး မိသားစုက မိုးကျတစ်ပင် အသီးသီးလှူဒါန်းကုသိုလ်ပြုကြကြောင်း သိရသည်။ **(ဝဲပုံ)(ကဆ)**



## (၁၇)ကြိမ်မြောက် ဘုံကထိန်တော်သို့ ပဒေသာပင်များ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေး၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်၊ နယ်စပ်တောင်တန်းဒေသ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခ ဦးဆောင်သော (၁၇)ကြိမ်မြောက် ဘုံကထိန်တော်သို့ ပဒေသာပင် တစ်ပင်လျှင် ငွေကျပ် တစ်သိန်းတစ်သောင်းဖြင့် ကထိန်ခင်း ရေစက်ချလှူဒါန်းကြသည်။ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ မိခင်ကြီး ပွဲကတော် ဒေါ်သိန်းယဉ်အား ရည်စူး၍ ဒေါက်တာနေလဝင်း+ဒေါ်နုနုဝင်း၊ (သား)လမင်းဝင်း၊ (သမီး)လှယဉ်မင်း၊ ခန့်ယဉ်မင်း မိသားစုက ပဒေသာပင် ငါးပင်အား ယမန်နေ့က ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းရုံး(မန္တလေး)သို့ လှူဒါန်းကုသိုလ်ပြုရာ အသင်းဥက္ကဋ္ဌကိုယ်စား ကော်မတီဝင် ဦးစိုးဝင်းမောင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ မန္တလေးမြို့နေ အလှူရှင် ဦးမင်းဆွေ+ဒေါ်ခင်ထွေး (ဖောင်ဒေးရှင်း)က ပဒေသာပင် ၁၀ ပင်၊ မန္တလေး၊ မဟာအောင်မြေနေ အလှူရှင် ဦးလှမျိုး+ဒေါ်ခင်ခင်ဦး၊ (သမီး)မမျိုးသီဝင်း မိသားစုက ပဒေသာပင်သုံးပင်၊ မန္တလေးမြို့၊ အောင်ပင်လယ်ရပ်နေ ဦးခင်ဇော်+ဒေါ်ချိုချိုရွှေ၊ (သမီး)မဆုယာစန္ဒီ၊ မဆုထူးဝင်း မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဦးကိုကိုနိုင်+ဒေါ်မြင့်မြင့်အေး၊ (သမီး)မမြတ်မို့မို့နိုင်၊ ခိုင်မွန်မွန်သန့် မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဒေါ်မိုးစန္ဒာ (သမီး)ယွန်းရွှေရည်၊ (သား)ဝေယံဖြိုးမောင်(ဝေယံအထည်ဆိုင်)က ပဒေသာပင်တစ်ပင် အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# ဒေါသဆိုသည်မှာ

ဘုရား ညောင်ဖျက်
ဝါးမျက်က ဓားကိုဖျက်
လူကိုကျ အရက်က ဖျက်တဲ့။

အဲဒီအဆိုအရ ဘုရား၊ စေတီ၊ ပုထိုးတွေအပေါ် ညောင်စေ့ကျလို့ အပင်ပေါက် ကြီးပြင်းလာတဲ့အခါ ညောင်မြစ်ကြောင့် ဘုရား၊ စေတီ၊ ပုထိုးတွေ ပြိုကျပျက်စီးတယ်လို့ ဆိုလိုတဲ့သဘောပါ။ ထိုနည်းအတူ ဝါးမျက်(ဝါးပင်ရဲ့အမြစ်ဆုံ)ကို ဓားနဲ့ခုတ်လည်း၊ ဓားသွားတွေပဲ့ခြင်း၊ တွန့်လိမ်ခြင်းတွေဖြစ်ပြီး ဓားပျက်စီးစေပါတယ်။

နောက်အရက်ကို စွဲစွဲလမ်းလမ်းသောက်ရင်လည်း သောက်တဲ့သူဟာ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတွေ ပျက်စီးစေတဲ့အပြင် အကျင့်စာရိတ္တတွေပါ ယိမ်းယိုင်ကုန်ပြီး နောက်ဆုံးအသက်ကိုပါ သေစေနိုင်တယ်လို့ ပြောချင်တာပါ။ ဒါပေမယ့်လည်း ဒီနေရာမှာ တစ်ခုပြောလိုတာက ဓားကို ဝါးမျက်ထက်ပိုပြီး ပျက်စီးစေတဲ့ တခြားအရာ ရှိနေပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ သံ ကို သံချင်းဖြတ်မှ ပြတ်သလို သံကိုပျက်စီးအောင် လုပ်နိုင်တာကလည်း သံပါပဲ၊ တစ်နည်းပြောရရင် သံကိုသံဖျက် သံချေးတက်ရင် သံပျက်စီးသွားစေပါတယ်။ ဒီလိုပါပဲ။ လူကို အရက်ထက်ပိုပြီး ပျက်စီးစေအောင် ဖျက်ဆီးနိုင်တာက ဒေါသပါပဲ။

ပြောရရင် ဒေါသဟာ တခြားတစ်ရပ်တစ်ကျေးက ရောက်ရှိလာတဲ့ ဧည့်သည်မဟုတ်ပါ။ လူတိုင်းရဲ့ရင်ထဲမှာ မွေးကတည်းကပါလာတဲ့ မွေးရာပါပစ္စည်းတစ်ခုပါ။ ငယ်ငယ်တုန်းကတော့ ဒေါသကို ဒေါသမှန်း မသိကြပါ။ ကလေးသဘာဝကစားကြတယ်။ အလိုမကျတဲ့အခါ စကားများကြတယ်။ စကားနိုင်လုကြတယ်။ ဆဲကြတယ်။ ဆိုကြတယ်။ နောက်ဆုံးခြေတွေ လက်တွေပါကုန်ပြီး သတ်ပုတ်ကြတဲ့အထိ ဖြစ်ကြပါတယ်။ ဒါက ဘာလဲဆိုတော့ ဒေါသကို မထိန်းနိုင်ကြလို့ပါ။ ဒါပေမယ့်လည်း ဒေါသကြောင့် ဖြစ်တယ်ဆိုတာ သတိမထားမိကြပါ။ တကယ်တော့ အဲဒါက ဒေါသပါပဲ။ ဒေါသကလည်း သူ့အလိုလျောက် ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ လောဘရဲ့စေ့ဆော်တိုက်တွန်းနှိုးဆော်မှုကြောင့် ဖြစ်ပေါ်လာရခြင်းပါ။ လူတိုင်းမှာ ဒေါသရှိတာ မှန်ပေမယ့်လည်း တချို့ကျ ဒေါသကိုထိန်းချုပ်နိုင်ကြပါတယ်။ တချို့ကျ ဒေါသကိုရှေ့တန်းတင်၊ ဒေါသရဲ့အလိုကျအတိုင်း ထစ်ကနဲ့ရှိ ဆဲလား၊ ဆိုလားနဲ့ တုတ်ဆွဲ၊ ဓားဆွဲ၊ ရှာရိုးကိုးပေါက်လျှောက်ပြီး ရမ်းကားကြပါတယ်။ အားလုံးကိုစိန်ခေါ်ပြီး ရန်ဖြစ်ကြတယ်။ နောက်ဆုံးပြစ်မှုတွေ ကျူးလွန်းတဲ့အထိ ဖြစ်ကုန်ပြီး ဒုက္ခတွေနဲ့ ရင်ဆိုင်ရတော့တာပါပဲ။ ဒါက ဒေါသရဲ့ ဆိုးကျိုးပါ။

ပြောရရင် ဒေါသကြီးသူကို လူတိုင်းကကြောက်ကြပါတယ်။ ရှောင်ကြဉ်ကြပါတယ်။ လူမှုရေးအရ ခေါ်ပြောဆက်ဆံနေရပေမယ့် စိတ်ထဲကတော့ မနှစ်မြို့ပါ၊ ကြာလာတဲ့အခါ ဒေါသကြီးသူကို ခေါ်ပြောဆက်ဆံခြင်း၊ အလုပ်အတူတွဲလုပ်ခြင်းတွေ မပြုတော့ဘဲ မသိမသာ ရှောင်ထွက်ကုန်ကြပါတယ်။ အဆိုပါဒေါသကြီးသူလည်း တစ်ယောက်တည်းအထီးကျန်ပြီး လူ့စည်းဝိုင်းရဲ့အပြင်ကို ရောက်မှန်းမသိ ရောက်သွားရတော့တာပဲ။ ဒေါသဖြစ်နေတဲ့ လူတစ်ယောက်ရဲ့မျက်နှာကို ကြည့်လိုက်ပါ။ မျက်နှာ၊ မျက်စိတွေ နီရဲပြီး မျက်နှာအရေပြားတွေလည်း တွန့်ခေါက်တောင်ကြီးလိုဖြစ်ကာ လူရုပ်မရှိတော့ဘဲ ဘီလူးရုပ်၊ သရဲရုပ်ပေါက်နေတာကို တွေ့ရပါလိမ့်မယ်။ ဒါက သူ့ရင်ထဲမှာ တောက်လောင်နေတဲ့ ဒေါသမီးတွေရဲ့ အရိပ်လက္ခဏာတွေ သင်္ကေတတွေပါပဲ။ အဲဒီလို လူမျိုးတွေ့ပြီ မြင်ပြီဆိုရင် ဝေးဝေးက ရှောင်ဖို့လိုပါတယ်။ အဲဒီအချိန်မှာ အဆိုပါဒေါသဖြစ်နေသူဟာ အသိစိတ်တွေလွတ်ပြီး ဘာမဆိုလုပ်နိုင်တဲ့ အန္တရာယ်အရှိဆုံးအချိန်ဖြစ်နေလို့ပါ။ လူတိုင်းမှာ ဒေါသရှိတာမှန်ပေမယ့်လည်း မတူရင်မတုနဲ့ဆိုသလို လူမိုက်နဲ့တုဖက်ပြိုင်ဖို့ စိတ်မကူးပါနဲ့။ ဒီနေရာမှာ မခံချင်စိတ်နဲ့ လူမိုက်နဲ့တုဖက်ပြိုင်လို့ လူ့အဖိုးတန်တွေ ဆုံးရှုံးခဲ့ရတဲ့သာဓကတွေ အများကြီးရှိနေလို့ပါ။

ပြောရရင် ဒေါသဟာ ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးတဲ့အပြင် ကမ္ဘာကြီးကိုတောင် ပျက်စီးအောင် ဖျက်ဆီးစေနိုင်တဲ့ အဆိပ်သင့်နျူကလီးယားလက်နက်ကြီးတစ်မျိုးပါ။ ကနေ့ကမ္ဘာပေါ်မှာ ဖြစ်ပွားနေရတဲ့ စစ်ပွဲတွေရဲ့အဓိကအကြောင်းအရင်းတွေ ဆန်းစစ်ကြည့်မယ်ဆိုရင် လောဘ၊ ဒေါသတွေကြောင့်ပါ။ စစ်ပွဲရဲ့ အနိဋ္ဌာရုံတွေကိုတော့ လူတိုင်းသိနေကြတဲ့အတွက် အကျယ်ချဲ့ မရေးလိုတော့ပါ။ ဒေါသက ဘာမဆိုဖြစ်စေနိုင်တယ်ဆိုတာဘဲ ပြောချင်တာပါ။ ဒေါသကြီးသူတွေဟာ အခုမှရှိတာမဟုတ်ပါ။ ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကျော် ကျွန်တော်တို့ရဲ့ ဂေါတမမြတ်စွာဘုရားလက်ထက်ကလည်း ရှိခဲ့ပါတယ်။ အဲဒီတုန်းက ဒေါသရှေ့ထားပြီးမှားခဲ့ကြတဲ့ အင်္ဂုလိမာလ၊ နန္ဒောပနန္ဒနဂါး၊ အာဠဝကဘီလူးကြီး၊ မာရ်နတ်သား၊ နာဠာဂီရိဆင်ကြီး၊ ဗကဗြဟ္မာကြီး အစရှိတဲ့သူတွေပဲ ဖြစ်ပါတယ်။ သူတို့ဟာ ဘုရားနဲ့ယှဉ်ပြိုင်အနိုင်ယူပြီး အသက်ကိုတောင် သတ်မယ်အထိ ကြိုးစားခဲ့ကြပါတယ်။ ဒါပေမယ့်လည်း နောက်ဆုံးမှာတော့ မြတ် စွာဘုရားရဲ့ တန်ခိုးတော်၊ မေတ္တာတော်၊ သည်းခံခြင်းတွေနဲ့ပဲ သူတို့အားလုံး မာန်စွယ်ကျိုးပြီး ဘုရားရဲ့ရှေ့မှောက် ဒူးထောက်ကြရတာပါပဲ။ ဒါကဘာလဲဆိုတော့ မေတ္တာရဲ့စွမ်းအား သည်းခံခြင်းရဲ့ အကျိုးတရားတွေကြောင့်ပါ။ သည်းခံရန်အေး ဘုရားဆေးတဲ့။

ဒေါသကို ဒေါသနဲ့ယှဉ်ပြိုင်ရင်မနိုင်ရာ သည်းခံခြင်းဖြင့်သာ အောင်နိုင်ရာ၏။ လောဘကို လောဘနဲ့ယှဉ်ပြိုင်ရင် မနိုင်ရာ၊ တင်းတိမ်ရောင့်ရဲခြင်းဖြင့်သာ အောင်နိုင်ရာ၏။ ယမ်းပုံပေါ် မီးကျရင် ပေါက်ကွဲစေတတ်သလို၊ လောဘအပေါ် ဒေါသကျရင်ပျက်စီးစေတတ်ပါတယ်။ ဒါကြောင့် ဒေါသတွေကို သည်းခံခြင်းနဲ့ချုပ်တည်းစေလိုပါတယ်။ သည်းခံခြင်းဆိုတဲ့ ခန္တီပါရမီဟာ ပါရမီ(၁၀)ပါးထဲမှာ တစ်ပါးအပါအဝင် ဖြစ်ပါတယ်။

လူတစ်ယောက်ကို မနိုင်လို့ ငုံ့ခံခဲ့ခြင်းဟာ သည်းခံတယ်လို့ မဆိုနိုင်ပါ။ သည်းခံတယ်ဆိုတာ ရာသီဥတုပူတာ အေးတာ၊ လေတိုက်တာ၊ မိုးရွာတာ၊ ဆာလောင်တာ၊ ငတ်မွတ်တာ၊ ဆင်းရဲတာ၊ ဝမ်းနည်းတာ၊ ပြောရရင် လောကဓံကြီးက ရိုက်ခတ်လာတဲ့ဒဏ်တွေကို မလှုပ်မယှက် တည်တည်ငြိမ်ငြိမ်နဲ့ အပြုံးမပျက်ရင်ဆိုင်ခံနိုင်ရည်မျိုးပဲ ဖြစ်ပါတယ်။ သည်းခံခြင်းဟာ ဒီမျှထိ ခက်ခဲလှပါတယ်။ ထိလွယ်၊ ရှလွယ်၊ ခံစားလွယ်ကြတဲ့ ကျွန်တော်တို့လို ပုထုဇဉ်သားတွေအတွက် ခက်ခဲတဲ့ တရားပါပဲ။ ဒါပေမယ့်လည်း ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်သေးတာ။ ကျွန်တော်တို့လည်း ကြိုးစားရင် ခန္တီပါရမီရနိုင်ပါတယ်။ ခြကောင်လေးတွေဟာ စုပေါင်းအားနဲ့ ဖြည်းဖြည်းချင်း စုဆောင်းတည်ဆောက်ကြတဲ့အခါ ခြတောင်ပို့ကြီး ဖြစ်လာပါတယ်။ ပျားကောင်လေးတွေဟာ စုပေါင်းအားနဲ့ ဖြည်းဖြည်းချင်း စုဆောင်းတည်ဆောက်တဲ့အခါ ပျားအုံကြီးဖြစ်လာပါတယ်။ ခြကို ပုံပြု၊ ပျားကိုတု သိမ္မဥစ္စာ၊ ပညာရှာတဲ့ ကျွန်တော်တို့လည်း ဒီဥပမာအတိုင်း ဒီနေ့၊ ဒီအချိန်၊ ဒီဘဝကစပြီး သည်းခံခြင်းသေးသေးလေးတွေ စုဆောင်းလိုက်ရင် နောင်ဘဝတွေကြတဲ့အခါ ခန္တီ ပါရမီရလာမှာ ဖြစ်ပါတယ်။

ပါရမီဆိုတာတစ်ခဏတည်းနဲ့ ဖြည့်ဆည်းလို့ရတဲ့ ရေလိုမျိုး မဟုတ်ပါ။ ဘဝပေါင်းများစွာ နည်းနည်းချင်း ဖြည့်ဆည်းမှသာ ပြည့်တဲ့ခန္တီပါရမီ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဘုရားရှင်ကြီးတောင် ဘဝပေါင်းအသင်္ချေ၊ အနန္တကြာမှ ခန္တီပါရမီရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီနေ့၊ ဒီအချိန်၊ ဒီကာလ၊ ဒီဘဝကစပြီး ဒေါသတွေကို လျှော့ချပြီး သည်းခံခြင်းတရားတွေ စုဆောင်းကြပါလို့ တင်ပြပါရစေ။

**ချမ်းမြေ့မိုး(မန္တလေး)**

## ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)တည်ဆောက်မှု ၇၀ ရာခိုင်နှုန်း ပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီးမြို့-ပန်ဆပ်-ဆွမ္မရာမြို့ လမ်းပေါ်တွင် ချင်းတွင်းမြစ်အားဖြတ်၍ တည်ဆောက်ထားသည့် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်မှု ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ချင်းတွင်းမြစ်ကူးတံတား (ထမံသီ)သည် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတားအခန်းပေါင်း ၁၅ ခန်း၊ ရေလမ်းကင်းလွတ် အမြင့် ပေ ၄၀ (HFL)ဖြင့် တည်ဆောက်နေခြင်း ဖြစ်သည်။

ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ လာရောက်စစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးညီညီဇော်က တံတားတည်ဆောက်ရေး လုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများ၊ တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) ပင်းမရွာဘက်ခြမ်းနှင့် ထမံသီရွာဘက်ခြမ်းတို့တွင် ချဉ်းကပ်လမ်းများ ဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

"ဘဏ္ဍာနှစ်အလိုက်ရရှိတဲ့ ရန်ပုံငွေတွေကို စနစ်တကျသုံးစွဲသွားကြဖို့နဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို သတိပြုဆောင်ရွက်စေလိုပါတယ်" ဟု ဝန်ကြီးချုပ်ဦးက မှာကြားသည်။



စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုသည့် တံတားကြီးတစ်စင်းဖြစ်ကာ ဒေသ၏ထုတ်ကုန်များအား လွယ်ကူမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်ကာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိုပါ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားသည်။

ချင်းတွင်းတံတား(ထမံသီ)၏ သံမဏိသံပေါင်တပ်ဆင်နေမှုများနှင့် တံတားတည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ၊ ပစ္စည်းများရောက်ရှိမှုအခြေအနေများနှင့် ချဉ်းကပ်လမ်းဆောင်ရွက်နေမှု လုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကာ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၄)

* – * – * – * – *

## အမျိုးသားအောင်ပွဲနေ့အကြို အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲပြုလုပ်



**အင်တော နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်တောမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးကျင်းပသည့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ရက်တွင် ကျရောက်မည့် ၁၀၄နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူးဒေါ်လှလှထွေးက အမျိုးသား အောင်ပွဲနေ့ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းနှင့် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကိုပြောကြားသည်။ ဆက်လက်၍အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပရာ "အမျိုးသားအောင်ပွဲနေ့ တို့မမေ့ခေါင်းစဉ်ဖြင့် အင်တောမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၂ဦး ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူးနှင့် ဆရာမများက ဒိုင်းဆုနှင့် ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)(အပေါ်ဝဲပုံ)**



## ခရမ်းချဉ်စိုက်ပျိုးတောင်သူများ ဈေးကောင်းရရှိ၍ ဝင်ငွေတိုးပွား

**ပွင့်ဖြူ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မုန်းချောင်းရေနှင့် မြေအောက်ရေကို အကျိုးရှိစွာ အသုံးချပြီး ခရမ်းချဉ်သီးနှံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့် ဒေသခံတောင်သူများ ဈေးကောင်းရရှိ၍ သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

"ဒီနှစ် ကျွန်တော်တို့ဒေသမှာ မုန်းချောင်းရေနဲ့မြေအောက်ရေကို အကျိုးရှိရှိအသုံးချပြီး ခရမ်းချဉ်သီးနှံစိုက်ပျိုးကြတဲ့ တောင်သူတွေ ဈေးကောင်းရရှိလို့ လုပ်ငန်း အဆင်ပြေကြတယ်။ စိုက်ပျိုးရေး အဆင်ပြေလို့ ခရမ်းချဉ်စိုက်ခင်း တွေက အောင်မြင်ဖြစ်ထွန်းပြီး အသီးများ လှိုင်လှိုင် ဆွတ်ခူးရောင်းချနေရပါတယ်။ အရင်တုန်းကကျွန်တော်တို့ တောင်သူတွေ ခရမ်းချဉ်သီးနှံကို မိရိုးဖလာ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြပြီး ယခုအချိန်မှာ ပြောင်းလဲတိုးတက်လာတဲ့ စိုက်ပျိုးရေးနည်းစနစ်တွေကို လေ့လာပြီး အထွက်နှုန်းကောင်းအောင် စနစ်တကျ စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ စိုက်ပျိုးရာမှာလည်း စားသုံးသူပြည်သူတွေ အစားအစာ ဘေးကင်းလုံခြုံစေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနရဲ့ ကြီးကြပ်မှုနဲ့ အော်ဂဲနစ်စိုက်ပျိုးရေးနည်းစနစ်နဲ့အညီ စိုက်ပျိုးတာဖြစ်လို့ ထွက်ရှိလာတဲ့သီးနှံတွေဟာ သန့်ရှင်းလတ်ဆတ်ပြီး အရည်အသွေးလည်း ကောင်းပါတယ်။ လက်ရှိမှာခရမ်းချဉ်သီးကတစ်ပိဿာ ကို ငွေကျပ် ၈၀၀၀ဈေးနဲ့ ရောင်းချနေရလို့ ခရမ်းချဉ်စိုက်ပျိုးတောင်သူတွေ ဈေးကောင်းရရှိလို့ လုပ်ငန်းအဆင်ပြေကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာ မှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးအဆင်ပြေမှုကြောင့် နေ့စဉ်ဝင်ငွေရရှိသည့် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထို့သို့ စိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများကို စိုက်နည်းစနစ်မှန်ကန်စေရေးနှင့် အာဟာရပြည့်ဝသောဟင်းသီးဟင်းရွက်များ စိုက်ပျိုးရောင်းချသွားနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသောမျိုးကောင်းမျိုးသန့် မျိုးစေ့များကို အခမဲ့ဖြန့်ဖြူးပေးခြင်းအပြင် ထွက်ရှိလာသောသီးနှံများ အစားအစာ ဘေးကင်း လုံခြုံရေးအတွက် GAP စိုက်ပျိုးရေးနည်းစနစ်များနှင့် အညီ စနစ်တကျစိုက်ပျိုးနိုင်ရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းတွင် ခရမ်းချဉ်သီးနှံမှာ အောင်မြင်ဖြစ်ထွန်းပြီး ရောင်းချရာတွင် ယခင်နှစ်ကထက် ဈေးကောင်းရရှိသဖြင့် ခရမ်းချဉ်စိုက်ပျိုးတောင်သူများ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၄၅)**



## ပဲစင်းငုံသီးနှံများ အသီးအပွင့်ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်း မြို့နယ်တွင် ၂၀၂၄ခုနှစ် မိုးသီးနှံအဖြစ် နှမ်း၊ မြေပဲတို့နှင့်တစ်ချိန်တည်း စိုက်ပျိုးခဲ့ကြသည့် ပဲစင်းငုံသီးနှံများ အသီးအပွင့်ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိနေပြီး၊ သီးနှံခုတ်သိမ်းချိန်နီးပြီဖြစ်၍ ဈေးကောင်းရရှိရန် တောင်သူများမျှော်လင့်နေကြသည်။

ပဲစင်းငုံစိုက်ပျိုးရာတွင် မိုးဦးရာသီမှာပင် နှမ်း၊ မြေပဲသီးနှံများဖြင့် သီးညှပ်စိုက်ပျိုးကြသူများ ရှိသကဲ့သို့၊ ပဲစင်းငုံ တစ်သီးစားစိုက်ပျိုးသည့် တောင်သူများလည်း ရှိကြောင်းသိရပြီး၊ ပဲစင်းငုံသီးနှံသည်မျိုးမှလွဲ၍ ကုန်ကျစရိတ်နည်းပါးပြီး ရာသီဒဏ်ခံသည့် သီးနှံမျိုးဖြစ်သည့်အပြင်၊ နှမ်း၊ မြေပဲသီးနှံများအပြီး တန်ဆောင်မုန်းလပြည့်ကျော် နတ်တော်လလယ်ခန့်တွင် ခုတ်သိမ်းရသည့် သီးနှံဖြစ်သဖြင့် တောင်သူအများစု စိုက်ပျိုးကြသော်လည်း၊ အချို့တောင်သူများမှာ ပဲစင်းငုံပင်သည် မြေဆီလွှာစုပ်ယူမှုအားကောင်းသဖြင့် မြေဆီလွှာခန်းခြောက်သည်ဟု အယူရှိကြပြီး ခုတ်သိမ်းပြီးချိန်တွင်လည်း ပဲစင်းငုံငုတ်များ နှုတ်သိမ်းရသည့် အလုပ်ပိုသဖြင့် စိုက်ပျိုးကြခြင်း မရှိကြောင်းလည်း သိရသည်။

ကျွန်တော်ကတော့ ပဲစင်းငုံစိုက်တာ ဒီနှစ်တော့နည်းသွားတယ်ဗျ။ နှစ်ဇကခွဲလောက်ပဲ စိုက်ဖြစ်လိုက်တယ်။ သူက နှမ်းတို့ မြေပဲတို့နဲ့ တစ်ခါတည်း စိုက်ခဲ့ကြတာဆိုတော့ ကုန်ကျစရိတ်အနေနဲ့ သီးခြားမရှိဘူးဗျ။ မျိုးဈေးလောက်ပဲကုန်ကြတာ။ ကြားထဲမှာ ဒီအတိုင်းထားလိုက်တာပဲ။ ပေါင်းထူလာတဲ့အချိန်မှာ ကျွန်တော်ကတော့ ထယ်ကြောင်းထိုးပြီး မှောက်ပစ်လိုက်တာပဲ သီးခြားပေါင်းနုတ်တာလုပ်မနေတော့ဘူး။ တချို့ကလည်း ပေါင်းနုတ်ခဈေးကြီးတော့ ပေါင်းသတ်ဆေး ပက်ကျတာများတယ်ဗျ။ ခုချိန်အထိ အပွင့်အသီးလှိုင်နေတော့ ဒီနှစ်လည်းရကြမှာပါဗျာ ဈေးကောင်းရဖို့ပဲ မျှော်လင့်ပါတယ်ဟု ရွာလတ်ကျေးရွာမှ တောင်သူ ဦးသိန်းတန်က ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် တစ်မြို့နယ်လုံးအနေဖြင့် ပဲစင်းငုံသီးနှံ စိုက်ဧက ၈၄၆၆၆ ဧက စိုက်ပျိုးထားရှိကြောင်း သိရပြီး၊ အနည်းငယ် စိုက်ချိန်စောသည့် သီးနှံခင်းအချို့သာ ပွင့်ဦးစတင်ချိန်တွင် မိုးကြွင်းမိုးကျန်ထိမှန်ခံရသဖြင့် အပွင့်ကြွေကာ အနည်းငယ် ထိခိုက်မှု ရှိခဲ့သည်ကလွဲပြီး၊ များသောအားဖြင့် ပဲစင်းငုံစိုက်ခင်းတိုင်း အသီးအပွင့်များဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိနေကြကြောင်းနှင့် နတ်တော်လဆန်းနှင့် လလယ်ခန့်တို့တွင် ခုတ်သိမ်းနိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၅၆)**

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၀**

မန္တလေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်ကြီးတံခွန်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကိုနိုဝင်ဘာ ၁၉ရက် နံနက် ၁၁နာရီက အဆိုပါမြို့နယ်ရှိ အ-လ-က-၂၁ ကျောင်းခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က စာပေဗဟုသုတကြွယ်ဝဖို့ လူတိုင်းစာဖတ်ကြပါစို့ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးနွယ်အေးချို့က လူငယ်နှင့်အားကစား အကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီးဟောပြောကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဦးစီးအရာရှိက ကျောင်းသား၊ ကျောင်းသူများအတွက် ပိုက်ကျော်ခြင်း၊ ခြင်းလုံးနှင့်ဘော်လီဘော အစရှိသည့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာစိုးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(၀၈၄)**

## အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ ရာပြည့်ပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**သရက် နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး သရက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ရာပြည့်ပွဲတော်အထိမ်းအမှတ် ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲများအား ယနေ့ နံနက် ၇နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲများမှာ အလျားခုန်ကျား၊ မ ပြိုင်ပွဲ၊ မီတာ ၁၀၀ကျား၊ မပြိုင်ပွဲ ၊သံပြားဝိုင်းပစ်ကျား+မ၊ မီတာ ၁၀၀၊ ၄၀၀ကျား မနှင့် ၄+၁၀၀ လက်ဆင့်ကမ်းကျား+မ၊ သုံးဆင့်ခုန် ကျား+မ မီတာ ၈၀၀၊ မီတာ ၁၅၀၀ ကျား+မ ပြိုင်ပွဲများ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုရရှိသူများအား ပြိုင်ပွဲများအပြီးတွင် ဆုများချီးမြှင့်ပေးသွားမည် ဖြစ်သည်။

ရာပြည့်သဘင် အခမ်းအနားအား နိုဝင်ဘာ ၂၃ရက်နေ့တွင် ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ကဗျာစာစီစာကုံး၊ ပန်းချီပြိုင်ပွဲများကို ဈေးဆောင်အပေါ်ထပ်တွင် ဆောင်ရွက်မှာဖြစ်ပြီး၊ နှုတ်မှုစွမ်းရည် ပြိုင်ပွဲများကို ရာပြည့်ခန်းမ၌ ဆောင်ရွက်ပြီး အားကစား ပျော်ပွဲရွှင်ပွဲများကို ကျောင်းအားကစားကွင်း နိုဝင်ဘာ ၂၄ရက်တွင် နှုတ်မှုစွမ်းရည်ပြိုင်ပွဲများ၊ ရာပြည့်ခန်းမ၌ အားကစား ပျော်ပွဲရွှင်ပွဲများ ကျောင်းအားကစားပြိုင်ပွဲ၊ နေ့ခင်းပိုင်းဟောပြောပွဲနှင့် ဖျော်ဖြေရေးပွဲများကို ရာပြည့်ခန်းမ၌ နိုဝင်ဘာ ၂၅ရက်တွင် ရာပြည့်သဘင်အခမ်းအနားနှင့် ဆုပေးပွဲများကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။




**ဇော်ထက်(သရက်)(ဝဲပုံ)**

## ယခုနှစ် ဆန်တင်ပို့မှုတန်ချိန် ၉ သန်းအထိ ရောက်ရှိမည်ဟု ထိုင်းအစိုးရ ခန့်မှန်း

ထိုင်းနိုင်ငံ၏ ယခုနှစ် ဆန်တင်ပို့မှုမှာ တန်ချိန် ၉ သန်းအထိ တိုးတက်လျက် နိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ ဘီလီယံ သို့မဟုတ် ဘတ် ၂၃၀ ဘီလီယံခန့် ဝင်ငွေ ရရှိနိုင်မည်ဟု ဝန်ကြီးဌာနအနေဖြင့် မျှော်မှန်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Pichai Naripthaphan က နိုဝင်ဘာ ၁၀ ရက်နေ့တွင် ပြောကြားခဲ့သည်။

ယခုနှစ် ပထမ ကိုးလတာကာလအတွင်း ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၇ ဒသမ ၄၅ သန်း တင်ပို့ခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၂ ဒသမ ၁၃ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း၊ တန်ဖိုးအားဖြင့် ဘတ်ငွေ ၁၇၂ ဒသမ ၀၁၉ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၄၃ ဘီလီယံအထိ ဝင်ငွေ ရရှိခဲ့ကြောင်း၊ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ဆန်တင်ပို့မှုတန်ဖိုးသည် ၄၅ ဒသမ ၈၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အင်ဒိုနီးရှား၊ အီရတ်နှင့် အမေရိကန်တို့ကဲ့သို့ အဓိကဈေးကွက်များမှ ဆန်အဝယ်အမှာစာများ ဆက်လက်ရရှိနေခဲ့ကြောင်း ဝန်ကြီး Pichai က ပြောကြားခဲ့ခြင်းဖြစ်သည်။

ရလဒ်အနေဖြင့် ယခုနှစ်တွင် ဆန်တင်ပို့မှုသည် တန်ချိန် ၉ သန်းအထိ ရောက်ရှိမည်ဟု ထိုင်းနိုင်ငံခြားကုန်သွယ်မှုဌာနနှင့် ထိုင်းဆန်တင်ပို့သူများအသင်းတို့အနေဖြင့် ခန့်မှန်းထားကြောင်း မြန်မာ့စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နိုင်ငံတကာကုန်သွယ်ရေးသတင်းများအရ သိရသည်။

(မန္တလေးနေ့စဉ်-၆)





## ရတနာဦးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပွင့်ဖြူ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် တည်ထားကိုးကွယ်တော်မူသည့် ရတနာဦးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့က အဆိုပါ ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ရတနာဦးစေတီတော်မြတ်ကြီးအား ဦးခိုက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးအမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်၍ ဒေသထွက် သစ်သီးများ၊ ကောက်ပဲသီးနှံများဖြင့် ဆွမ်းတော်ကြီး တင်လှူပူဇော်ခဲ့ကြသည်။ ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ဖိတ်ကြားထားသည့် ရပ်ဝေးရပ်နီးမှ ဧည့်ပရိသတ်များက သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်း ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ကြသည်။ ဆက်လက်၍ စေတနာအလှူရှင်နှင့် တက်ရောက်လာကြသူများက ပင့်သံဃာ ၄၃ ပါးအား လှူဖွယ်ပစ္စည်း၊ ဆွမ်းသပိတ်လုံးများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ ပူဇော်ခဲ့ကြသည်။ (ဝဲပုံ)

ပွင့်ဖြူမြို့နယ်၊ ရေပုတ်ကြီးကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ တည်ထားကိုးကွယ်တော်မူသည့် ရတနာဦးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ (တန်ဆောင်မုန်းလပြည့်) ၁၅ရက်ထိ ကျင်းပလေ့ရှိရာ ယခုနှစ်တွင်လည်း ဗုဒ္ဓပူဇနီယပွဲတော်အား ဆွမ်းတော်ကြီးတင်လှူပူဇော်ခြင်း၊ ဆွမ်းသပိတ်လုံး ကပ်လှူပူဇော်ခြင်းနှင့် ညပိုင်းတွင် စေတီတော်မြတ်ကြီးကို ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခြင်းများဖြင့် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း အဆိုပါ ရေပုတ်ကြီးကျေးရွာမှ ရပ်မိ၊ ရပ်ဖ ဦးစိန်ငွေးက ပြောပြ၍ သိရသည်။

(၄၄၅)



## ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၄၀၀၀ ကျော်စိုက်ပျိုးပြီးစီး

**ကျွန်းလှ နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြပြီး မြေပဲနဲ့ နှမ်းကို အဓိကထား စိုက်ပျိုးကြပါတယ်။ ဒီနှစ် ဆောင်းရာသီ နှမ်းစိုက်ပျိုးဖို့ ၁၄၀၃၃ ဧကလျာထားရာ လက်ရှိအချိန်ထိ ၁၄၀၃၆ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ တောင်သူတွေ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ အသိပညာပေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ နှမ်းစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ သိပ္ပံနည်းစိုက်နည်းစနစ် လိုက်နာကျင့်သုံးရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်းစေ့ သီးနှံစိုက်ပျိုးရန် ၃၄၈၆၄ ဧကလျာထားပြီး ယနေ့အထိ ၃၀၁၇၆ ဧက (၈၆ ဒသမ ၅၅) ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

(အောက်ပုံ)

(၄၈၀)



## ကိုင်းမြေများနှင့် ချောင်းမြေနုများတွင် စားဖိုဆောင်သီးနှံများ စိုက်ပျိုးလျက်ရှိ

**ရေနံချောင်း နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ကိုင်းမြေများနှင့် ချောင်းမြေနုများတွင် စားဖိုဆောင်သီးနှံများကို စိုက်ပျိုးလျက်ရှိသည်။

စားဖိုဆောင်သီးနှံတွေကို ကိုင်းမြေတွေမှာ စိုက်ပျိုးနေပါပြီ။ စားဖိုဆောင်သီးနှံတွေမှာ ခရမ်းချဉ်၊ ငရုတ်၊ ကြက်သွန်ကစပြီး ဘူး၊ ဖရုံ၊ သခွား၊ နံနံ၊ ဆလပ်၊ ချဉ်ပေါင်၊ ကန်စွန်း၊ ဟင်းနုနယ်ရွက် စသဖြင့် စုံအောင်စိုက်ကြပါတယ်။ မိသားစုဝင်ငွေရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ဆောင်းရာသီသီးနှံ စိုက်ပျိုးရာသီတွင် ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ ငရုတ်တို့ကို တောင်သူများ အဓိကထား၍ ဝင်ငွေရစေရန် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။

ယခုနှစ် ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံများတွင် ကြက်သွန်ကို ၃၂၃၈ဧက၊ ဟင်းသီးဟင်းရွက် ၂၀၁ဧက၊ ငရုတ် ၉၁၃ဧက စုစုပေါင်း ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ ငရုတ်တို့ကို ၄၃၅၂ ဧက လျာထား၍ စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ယမန်နေ့အထိ ကြက်သွန် ၁၀၈ဧက၊ ဟင်းသီးဟင်းရွက် ၁၁၃ဧက၊ ငရုတ် ၈၀၀ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

(အပေါ်ပုံ) (၄၇၂)

## ဆောင်းမြေပဲဧက (၃)သိန်း (၇)သောင်းနီးပါးခန့် စိုက်ပျိုးပြီးစီး

**မကွေး နိုဝင်ဘာ ၂၀**

နာဂဒေသ အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးခရိုင် (၁၄)ခုတွင် ဆောင်းမြေပဲ ဧက သုံးသိန်းခုနစ်သောင်းနီးပါးခန့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ၁၄ခရိုင်တွင် ဆောင်းမြေပဲကို အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ဧက ငါးသိန်း တစ်သောင်းကျော် စိုက်ပျိုးရန် လျာထားစိုက်ပျိုးနေခြင်းဖြစ်သည်။

"မကွေး-၁၀၊ ၁၁၊ ၁၆၊ ဆင်းပဒေသာ-၇၊ ၁၁၊ SP 121၊ တွန်တာနီ မြေပဲမျိုးတွေကို အထွက်နှုန်း ကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် စံကွက်၊ စမ်းသပ်ကွက်တွေကို စိုက်ပျိုးထားပြီး တောင်သူလယ်သမားတွေ ဆောင်းမြေပဲစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေး အလေးပေးဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူက ပြောသည်။

ဆောင်းမြေပဲများကို ဟုမ္မလင်းခရိုင်တွင် ၂၀၂၅ ဧက၊ ခန္တီးခရိုင်တွင် ၇၅၀ ဧက၊ နာဂဒေသတွင် ၇၀ ဧက၊ မော်လိုက်ခရိုင်တွင် ၁၅၆၃၈ ဧက၊ တမူးခရိုင်တွင် ၂၁၅၅၀ ဧက၊ ကလေးခရိုင်တွင် ၄၇၅၅၇ ဧက၊ မုံရွာခရိုင်တွင် ၄၁၃၁၀ ဧက၊ ယင်းမာပင်ခရိုင်တွင် ၃၂၇၉၄ ဧက၊ ရွှေဘိုခရိုင်တွင် ၆၇၈၇၆ ဧက၊ ရေဦးခရိုင်တွင် ၇၈၀၅၀ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၀၉၁၆၄ ဧက၊ စစ်ကိုင်းခရိုင်တွင် ၆၁၀၂၆ ဧက၊ ကသာခရိုင်တွင် ၄၆၅၇၆ ဧက၊ ကောလင်းခရိုင်တွင် ၉၀၈၈ ဧက၊ စုစုပေါင်း ၅၁၄၁၀၁ ဧကကို လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(၃၉၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

**❖ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကို တွေ့ရ ...**

**❖ သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ရက်နေ့တွင်ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၄) တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် “မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ” ကို Website နှင့် Mobile Application တို့တွင် လေ့လာဖတ်ရှုနိုင်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် **“မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ”** အပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများအနေဖြင့် Website နှင့် Mobile Application တို့တွင် နိုဝင်ဘာ ၂၂ ရက်မှစတင်၍ လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ Website နှင့် Mobile Application တို့တွင် ရွေးကောက်ပွဲအကြိုကာလ၌ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲအလွန်ကာလ ဖြစ်စဉ်များ၊ မြန်မာနိုင်ငံတစ်ဝန်းလုံး ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းစိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးအပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ခြင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် သုံးသပ်ချက်၊ မှတ်တမ်းဓာတ်ပုံများ စသည်ဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို တစ်နေရာတည်းတွင် ကဏ္ဍစုံလင်စွာ လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် စသည့် ဘာသာစကား(၅)မျိုးဖြင့် လွှင့်တင်မည်ဖြစ်ရာ လေ့လာဖတ်ရှုလိုသူများသည် https://2020election.uec.gov.mm တွင်လည်းကောင်း၊ Mobile Application ကို အဆိုပါ Website တွင် Download ရယူ၍လည်းကောင်း လေ့လာဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် “မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ”ကို https://2020election.uec.gov.mm Website နှင့် အဆိုပါ Website တွင် Download ရယူထားသည့် Mobile Application တို့တွင် လေ့လာဖတ်ရှုနိုင်မည်။**




## လက်ကျန်နှစ်ပွဲအလိုတွင် ချန်ပီယံဖြစ်ခဲ့သည့် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်း

MNL (U-20) Youth League 2024 အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-24) ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းသည် လက်ကျန်နှစ်ပွဲအလို၌ပင် ချန်ပီယံဖြစ်လာခဲ့သည်။

(Week-24) ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၅၂ မှတ်ဖြင့် အဆင့် ၁ တွင် ရပ်တည်ခဲ့ပြီး အဆင့် ၂၊ ၃ နေရာများတွင် ISPE အသင်းနှင့် Junior Lions အသင်းတို့က ရမှတ် ၄၅ မှတ်စီဖြင့် ရပ်တည်နေကြသည်။ ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယနှင့် တတိယနေများမှ ISPE၊ Junior Lions အသင်းများကို ရမှတ် ခုနစ်မှတ် ဖြတ်နိုင်ခဲ့သည့်အတွက် လက်ကျန်

စာမျက်နှာ ၅ သို့ ➤

